# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily



## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဒိစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)



၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၁ ရက် | ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ သောကြာနေ့ | အတွဲ (၆၃)၊ အမှတ်(၀၆၉)



## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဒီဇင်ဘာ ၇

စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း အမှတ်စဉ်(၆၅) သင်တန်းဆင်း ဂုဏ်ပြုစစ်ရေးပြ အခမ်းအနားကျင်းပပုံများကို ဒီဇင်ဘာ ၈ ရက် နံနက် ၇ နာရီခွဲမှစတင်၍ MWD HD Channel၊ MWD Variety HD Channel၊ MRTV HD Channel နှင့် Skynet Up to Date Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာကြိုတင်အသိပေးအပ်ပါသည်။

သတင်းစဉ်



ဆိုလာခတ်အားပေးစနစ် ရာနှုန်းပြည့်တပ်ဆင်ပြီးစီးနေမှုကို တွေ့ရစဉ်။



မြစ်ရေတင်မှ ရေများကို ပြန်လည်ဖြန့်ဝေပေးသည့် ရေပိုက်လိုင်းကြီးများ။

## ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

စာမျက်နှာ ၃

## မင်းဘူး(စကု)မြို့နယ်ရှိ ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်း၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာခတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်း ရာနှုန်းပြည့်ပြီးစီး

မင်းဘူး ဒီဇင်ဘာ ၇

မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ် ငွေလုံးငွေရင်းရန်ပုံငွေမှ ခွင့်ပြုငွေဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က မင်းဘူး(စကု)မြို့နယ် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်း၌ ဆောင်ရွက်လျက်ရှိသော နေရောင်ခြည်စွမ်းအင်သုံး ၂၁၅ ကီလိုဝပ် ဆိုလာခတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးသွားပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

စာမျက်နှာ ၅ ကော်လံ ၅ ❖

**ယနေ့ ဖတ်စရာ**

### ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီ အစည်းအဝေးကျင်းပ

ပြည်တွင်းသတင်း စာ ၄

### စိတ်ဝင်စားဖွယ် စီးပွားရေးသတင်းတွေ ...

ဆောင်းပါး စာ ၁၀

### မြန်မာ-ထိုင်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေး

ပြည်တွင်းသတင်း စာ ၁၈

မြန်မာ့အလင်း

# အဂတိလိုက်စားမှုတိုက်ဖျက်ဖို့ စည်းလုံးဆောင်ရွက်ကြပါစို့

အဂတိလိုက်စားမှုက ကမ္ဘာလုံးဆိုင်ရာ ပြဿနာဖြစ်သည်။ အဂတိလိုက်စားမှုသည် ရာဇဝတ်မှုကျူးလွန်ခြင်းနှင့် အကြမ်းဖက်တိုက်ခိုက်ခြင်းတို့ကို အားပေးပြီး စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို နှောင့်နှေးစေကာ တရားဥပဒေစိုးမိုးမှုနှင့် ဒီမိုကရေစီစနစ်ကို ထိခိုက်နိုင်စေသည်ဟု ကမ္ဘာ့နိုင်ငံကြီးတစ်နိုင်ငံက ဆိုသည်။ ကမ္ဘာတစ်ဝန်းဖြစ်ပေါ်လျက်ရှိသည့်အဂတိလိုက်စားမှု၊ အကျင့်ပျက်ခြစားမှုပြဿနာကို ကမ္ဘာသူ ကမ္ဘာသားတို့အလေးအနက်ဂရုပြုလာကြစေရန်နှင့် တားဆီးနှိမ်နင်းနိုင်ကြစေရန် ရည်ရွယ်၍ ကုလသမဂ္ဂက နှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ထားသည်။

အဂတိလိုက်စားမှု၏အဓိပ္ပာယ်သည် လာဘ်ပေးလာဘ်ယူခြင်းထက် ပိုမို၍ကျယ်ဝန်းပြီး ခြိမ်းခြောက်ငွေညှစ်ခြင်း၊ လိမ်လည်ခြင်း၊ နိုင်ငံတော်ပိုင်ဘဏ္ဍာနှင့် ပစ္စည်းများကို အလွဲသုံးစားပြုခြင်း၊ ပြည်သူပိုင်ပစ္စည်းများကို ကိုယ်ပိုင်ပစ္စည်းအဖြစ် သုံးစွဲခြင်း၊ မလျော်သြဇာသုံး၍ မဲဆွယ်ခြင်း၊ မိမိမိသားစုနှင့် ဆွေမျိုးကောင်းစားရေးဝါဒအသုံးပြုခြင်း၊ မိမိနှင့်နီးစပ်အဆင်ပြေသူ ကောင်းစားရေးဝါဒရှိခြင်းတို့သည်လည်း အဂတိလိုက်စားမှုများပင် ဖြစ်သည်။ လက်ရှိကာလ မိမိတို့နိုင်ငံတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေချိန်ဖြစ်ပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ တိုင်းရင်းသားပြည်သူအားလုံးစည်းလုံးညီညွတ်ရေး၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ကို ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိရာ အဂတိလိုက်စားမှုများ လျော့နည်းကျဆင်းစေရေးသည် နိုင်ငံတော်အတွက် လွန်စွာအရေးကြီးသည်။ အကျင့်စာရိတ္တနှင့် စိတ်ဓာတ်ကိုပျက်စီးစေပြီး နိုင်ငံ့စီးပွားဖွံ့ဖြိုးမှုနှင့် တည်ငြိမ်အေးချမ်းမှုတို့ကို ထိခိုက်စေသည့် အဂတိလိုက်စားမှုများက နိုင်ငံအတွက် အန္တရာယ်ကြီးမားသည်ကို အလေးအနက်ရှုမြင်ကြရန်လိုသည်။

မြန်မာနိုင်ငံတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ၂၀၁၃ ခုနှစ်၊ ဩဂုတ်လ ၇ ရက်နေ့တွင် ပြဋ္ဌာန်းထားပြီး ခေတ်နှင့်အညီ လိုက်ပါပြောင်းလဲလာသည့် အဂတိလိုက်စားမှုပုံစံ အမျိုးမျိုးတို့ကို ထိထိရောက်ရောက်တားဆီးကာကွယ်အရေးယူနိုင်ရန်အတွက် အဆိုပါဥပဒေကို စတုတ္ထအကြိမ်အထိ ပြင်ဆင်ပြဋ္ဌာန်းထားပြီးလည်းဖြစ်သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေး မဟာဗျူဟာစီမံချက်(၂၀၂၂–၂၀၂၅) ကို ရေးဆွဲချမှတ်ထားပြီး ယင်းစီမံချက်အောက်တွင် ၂၀၂၃ ခုနှစ် လုပ်ငန်းစီမံချက်ကို အကောင်အထည်ဖော်လျက်ရှိသည်။ တားဆီးကာကွယ်ခြင်း၊ အသိပညာပေးခြင်းနှင့် စုံစမ်းစစ်ဆေးအရေးယူခြင်းဟူသည့် လုပ်ငန်းစဉ်သုံးရပ်တို့ကို ဟန်ချက်ညီညီ ပေါင်းစပ်လုပ်ဆောင်လျက်ရှိရာတွင် ပြည်ထောင်စုဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့ (Corruption Prevention Unit–CPU)များ တိုးချဲ့ဖွဲ့စည်းခြင်း၊ အသေးစားအဂတိလိုက်စားမှုများကို ထိရောက်စွာဟန့်တားနိုင်ရန် “အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme–PFP)” အကောင်အထည်ဖော်ခြင်းတို့ ဆောင်ရွက်လျက်ရှိပြီး အထက်တန်းနှင့်တက္ကသိုလ်အဆင့်များတွင် အဂတိလိုက်စားမှုကင်းဝေးရေး၊ ဂုဏ်သိက္ခာ၊ လူ့ကျင့်ဝတ်ဆိုင်ရာသင်ရိုးများထည့်သွင်းခြင်း၊ အသိပညာပေးဆွေးနွေးခြင်းများဆောင်ရွက်လျက်ရှိသည်။

အဂတိလိုက်စားမှုသည် ကျင့်ဝတ်ဆိုင်ရာ ကျူးလွန်မှု အပါအဝင် အခြားအခြေခံအကြောင်းများကြောင့်ဖြစ်ပြီး အလွှာပေါင်းစုံ၊ နေရာဌာနပေါင်းစုံတို့တွင် ဖြစ်ပေါ်နေခြင်းဖြစ်ရာ အဂတိကင်းစင်သည့်လူ့ဘောင်အဖွဲ့အစည်းဖြစ်ပေါ်လာရေးတွင် ပြည်သူ့ဝန်ထမ်းများ၊ နိုင်ငံ့ဝန်ထမ်းများ၊ စီးပွားရေးအဖွဲ့အစည်းများ၊ အများပြည်သူအားလုံးတို့၏ တက်ကြွစွာပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်တည်ဆောက်ကြရမည်ဖြစ်ပါကြောင်း။ ။




## ပြည်မြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ပြည် ဒီဇင်ဘာ ၇

၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးအဆင့် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ပြည်မြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ်အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်က ဖတ်ကြားသည်။



ထို့နောက် ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ပြည်၊ သာယာဝတီနှင့် နတ်တလင်းခရိုင်အတွင်း မြို့နယ်များရှိအခြေခံပညာကျောင်းများမှ အမျိုးသားအောင်ပွဲနေ့ဆိုင်ရာ အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် မူလတန်းအဆင့် (စာစီစာကုံး၊ ကဗျာ၊ ပန်းချီ) ပြိုင်ပွဲများတွင် ပထမ၊ ဒုတိယနှင့် တတိယဆုရကျောင်းသား ကျောင်းသူများအား ခရိုင်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ ချီးမြှင့်ပေးအပ်ကြောင်း သိရသည်။ **ကိုဆက်(ပြန်/ဆက်)**



အလုံမြို့နယ် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၉ နာရီက အထက(၄)၌ ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဆန်းထွန်းက နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာ သရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှပေးပို့လာသော သဝဏ်လွှာကို ဖတ်ကြားစဉ်။ တင်ဝင်းလေး

## သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၊ သက်ကြီးပူဇော်ပွဲအတွက် အလှူငွေပေးအပ်

ရန်ကုန် ဒီဇင်ဘာ ၇

သတင်းနှင့် စာနယ်ဇင်းဝန်ထမ်းဟောင်းများအသင်း၊ ဆရာသမားများနှင့်အသက် (၈၀)နှင့်အထက် အသင်းဝင်ဝန်ထမ်းဟောင်းများ သက်ကြီးပူဇော်ပွဲကို ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၄ ရက်(လွတ်လပ်ရေးနေ့)တွင် ကျင်းပရန်စီစဉ်ထားရှိပြီး သက်ကြီးပူဇော်ပွဲအတွက် အလှူငွေများလည်း ပေးအပ်လျက်ရှိရာ ကိုဇော်သူရဝင်း–မခိုင်ဇာသွယ်က မင်္ဂလာဦးအလှူငွေကျပ်တစ်သိန်း၊ ဦးအောင်နိုင်ဦး–ဒေါ်ခင်ရတနာ၊ ဦးသန်းလင်းဦး–ဒေါ်သက်နီမြင့်၊ ဦးဟိန်းထက်အောင်–ဒေါ်မိုးမိုးအောင်၊ ဦးမိုးယုဝင်းတို့က အလှူငွေကျပ် ငါးသောင်းစီ၊ ဒေါ်ခင်စိန်ရီ၊ ဒေါ်အေးအေးမြင့်၊ ဒေါ်စန္ဒာသန်းတို့က အလှူငွေကျပ် သုံးသောင်းစီ၊ ဦးခင်မောင်မြင့်(ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းသတင်းစာအဖွဲ့)၊ ဒေါ်ညွန့်ရွှေတို့က အလှူငွေကျပ် နှစ်သောင်းစီနှင့် ဦးနိုင်ထွန်း–ဒေါ်မိမိငယ်၊ ဒေါ်စောသီတာဦး၊ ဒေါ်စန်းထိုက်ဝင်း၊ ဒေါ်ညိုညိုမြင့်တို့က အလှူငွေကျပ် တစ်သောင်းစီ စုစုပေါင်းအလှူငွေကျပ် လေးသိန်းခုနစ်သောင်းကို ဒီဇင်ဘာ ၆ ရက်က အသင်းရုံးခန်း၌ လှူဒါန်းပေးအပ်ရာ အသင်းဥက္ကဋ္ဌ ဦးမြင့်ဆွေနှင့်အမှုဆောင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။ **အေးသန်း(စိန်တုံးကြီး)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေ

နေပြည်တော် ဒီဇင်ဘာ ၇

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မိုး/ဇလ

# ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်း

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ**
**အမိန့်ကြော်ငြာစာအမှတ် ၂၄၂ / ၂၀၂၃**

၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလပြည့်ကျော် ၁၀ ရက်
( ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၇ ရက် )

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့သည့် အောက်ဖော်ပြပါပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကို ချီးမြှင့်အပ်နှင်းလိုက်သည် -

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်ဘွဲ့**
**သူရဘွဲ့**

| | | | |
|---|---|---|---|
| ၁။ | ဗိုလ်မှူးကြီး | အောင်ဇေယျာဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဗိုလ်မှူးကြီး | မျိုးကိုကိုဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး | စိုင်းကမ္ဘာစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်မှူးကြီး | သူရိန် | ကာကွယ်ရေးဝန်ကြီးဌာန |

**တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်**
**သူရဲကောင်းမှတ်တမ်းဝင်တံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယဗိုလ်မှူးကြီး | လှိုင်မျိုးထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂။ | ဒုတိယဗိုလ်မှူးကြီး | ရဲဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃။ | ဒုတိယဗိုလ်မှူးကြီး | ဝင်းဟန်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၄။ | ဒုတိယဗိုလ်မှူးကြီး | ရဲဇော်နိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၅။ | ဗိုလ်မှူး | ရဲကျော်သူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၆။ | ဗိုလ်မှူး | မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇။ | ဗိုလ်မှူး | ဇော်မင်းသူ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈။ | ဗိုလ်မှူး | စိုးလှိုင်ဝင်းသန့် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၉။ | ဗိုလ်မှူး | ရဲထွဋ်ဟန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၀။ | ဗိုလ်မှူး | ကျော်သူရ | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၁။ | ဗိုလ်မှူး | သက်ဝေနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၂။ | ဗိုလ်မှူး | ထွန်းလွင်ဦး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၃။ | ဗိုလ်မှူး | အောင်မြတ်စိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၄။ | ဗိုလ်မှူး | အောင်စိုးဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၅။ | ဗိုလ်မှူး | ခင်မောင်ထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၆။ | ဗိုလ်မှူး | နေဝင်းထွန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၇။ | ဗိုလ်မှူး | မင်းစိုးကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၈။ | ဗိုလ်မှူး | ကျော်ဇောဟိန်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၁၉။ | ဗိုလ်မှူး | ဖြိုးစံအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၀။ | ဗိုလ်မှူး | တိုးအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၁။ | ဗိုလ်မှူး | စိုးလင်းဖြိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၂။ | ဗိုလ်မှူး | တင်ကိုကို | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၃။ | ဗိုလ်မှူး | ဇေယျာမျိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၄။ | ဗိုလ်မှူး | တင်ထွန်းလင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၅။ | ဗိုလ်ကြီး | နိုင်လင်းအောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၆။ | ဗိုလ်ကြီး | ထွန်းဝင်း | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၇။ | ဗိုလ်ကြီး | ရန်လင်းနိုင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၈။ | ဗိုလ်ကြီး | ဖြိုးမြင့်မြတ် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၂၉။ | ဗိုလ်ကြီး | ဝေလင်းစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၀။ | ဗိုလ်ကြီး | ရဲလင်းကျော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၁။ | ဗိုလ်ကြီး | ဝေယံစိုး | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၂။ | ဗိုလ်ကြီး | ဟန်မင်းဇော် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၃။ | ဗိုလ်ကြီး | ဇော်ဝင်းရှိန် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၄။ | ဗိုလ် | ဇာနီထက်မောင် | ကာကွယ်ရေးဝန်ကြီးဌာန |
| ၃၅။ | ၇၅၉၂၇၇ | ဒုတိယအရာခံဗိုလ် မြင့်ဇော် | ကာကွယ်ရေးဝန်ကြီးဌာန |

**မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိဂုဏ်ထူးဆောင်တံဆိပ်များ**
**ရဲသူရတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဒုတိယရဲမှူးကြီး | ရွှေသန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂။ | ရဲမှူး | ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃။ | ဒုတိယရဲမှူး | အောင်ဆွေ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲအုပ် | နောင်နောင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ဒုတိယရဲအုပ် | အောင်မြင့်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |

**ရဲဗလတံဆိပ်**

| | | | |
|---|---|---|---|
| ၁။ | ဦးဝင်းနိုင်လင်း | ညွှန်ကြားရေးမှူး | အကျဉ်းဦးစီးဌာန |
| ၂။ | ဦးသက်မျိုးခိုင် | လက်ထောက်ညွှန်ကြားရေးမှူး | အကျဉ်းဦးစီးဌာန |
| ၃။ | ဒုတိယရဲမှူး | နိုင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄။ | ရဲအုပ် | ဝင်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅။ | ရဲအုပ် | ကျော်သူရ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆။ | ရဲအုပ် | သက်ဇော်လတ် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၇။ | ရဲအုပ် | ကျော်ညီညီထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၈။ | ရဲအုပ် | မျိုးမင်းအေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၉။ | ဒုတိယရဲအုပ် | ကျော်ဇင်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၀။ | ဒုတိယရဲအုပ် | မျိုးမြင့်ထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၁။ | ဒုတိယရဲအုပ် | တင်ဝင်းလှိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၂။ | လ ၁၇၀၅၈၉ | ရဲတပ်ကြပ်ကြီး အောင်ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၃။ | လ ၁၈၈၆၈၇ | ရဲတပ်ကြပ်ကြီး အောင်မျိုးသန့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၄။ | လ ၁၉၃၆၇၆ | ရဲတပ်ကြပ်ကြီး ရှိန်းကိုကိုကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၅။ | လ ၁၉၈၁၀၃ | ရဲတပ်ကြပ်ကြီး အောင်မြို့လွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၆။ | လ ၂၀၄၉၇၄ | ရဲတပ်ကြပ်ကြီး ဇော်ဝင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၇။ | လ ၂၀၇၅၈၂ | ရဲတပ်ကြပ်ကြီး ကျော်ကျော်ဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၈။ | လ ၂၃၁၁၈၂ | ရဲတပ်ကြပ်ကြီး နိုင်လင်းမြင့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၁၉။ | က ၄၁၉၄ | လက်ထောက် ကြီးကြပ်ရေးမှူး(၁) သန့်ဇင် | အကျဉ်းဦးစီးဌာန |
| ၂၀။ | က ၄၂၁၁ | လက်ထောက် ကြီးကြပ်ရေးမှူး(၁) လွင်ပိုင်စိုး | အကျဉ်းဦးစီးဌာန |
| ၂၁။ | က ၄၆၆၆ | လက်ထောက် ကြီးကြပ်ရေးမှူး(၁) စပ်ဝေလွင် | အကျဉ်းဦးစီးဌာန |
| ၂၂။ | လ ၁၃၁၆၃၃ | ရဲတပ်ကြပ် အောင်တိုးလွင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၃။ | လ ၁၅၉၄၁၄ | ရဲတပ်ကြပ် ဟန်ဝင်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၄။ | လ ၁၇၄၈၁၈ | ရဲတပ်ကြပ် သိန်းဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၅။ | လ ၁၉၁၂၆၉ | ရဲတပ်ကြပ် သန်းဇော်ထူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၆။ | လ ၂၃၁၈၆၈ | ရဲတပ်ကြပ် အောင်သန်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၇။ | လ ၂၃၅၄၃၈ | ရဲတပ်ကြပ် ထွန်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၈။ | လ ၂၄၇၆၀၁ | ရဲတပ်ကြပ် မိုးမြင့် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၂၉။ | လ ၂၅၆၁၉၉ | ရဲတပ်ကြပ် ဖြိုးမင်းဦး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၀။ | က ၃၁၀၁၉ | တပ်ကြပ် အောင်နိုင်ဝင်း | အကျဉ်းဦးစီးဌာန |
| ၃၁။ | လ ၁၈၅၆၇၄ | ရဲဒုတိယတပ်ကြပ် ယဉ်မင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၂။ | လ ၂၂၃၇၇၄ | ရဲဒုတိယတပ်ကြပ် ဆန်နီဖုန်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၃။ | လ ၂၃၄၀၉၀ | ရဲဒုတိယတပ်ကြပ် ဝေလွင်ဖြိုး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၄။ | လ ၂၃၉၆၅၉ | ရဲဒုတိယတပ်ကြပ် အာကာမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၅။ | လ ၂၅၆၆၀၁ | ရဲဒုတိယတပ်ကြပ် အောင်စိုးမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၆။ | လ ၂၅၈၇၂၁ | ရဲဒုတိယတပ်ကြပ် ဇင်မင်းသက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၇။ | လ ၂၇၁၂၈၄ | ရဲဒုတိယတပ်ကြပ် သန်းအေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၃၈။ | က ၃၀၂၈၀ | ဒုတိယတပ်ကြပ် မျိုးလွင် | အကျဉ်းဦးစီးဌာန |
| ၃၉။ | က ၃၂၁၁၃ | ဒုတိယတပ်ကြပ် ဇော်ဇော် | အကျဉ်းဦးစီးဌာန |
| ၄၀။ | လ ၂၃၅၅၃၉ | ရဲတပ်သား ညီညီကို | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၁။ | လ ၂၃၉၇၀၈ | ရဲတပ်သား သိန်းဇော်နိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၂။ | လ ၂၄၁၃၃၅ | ရဲတပ်သား ဟိန်းနေထူး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၃။ | လ ၂၄၂၇၄၃ | ရဲတပ်သား တင်ဇော်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၄။ | လ ၂၄၂၇၇၄ | ရဲတပ်သား ကျော်ရဲအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၅။ | လ ၂၄၃၁၈၉ | ရဲတပ်သား ဘိုဘိုအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၆။ | လ ၂၅၃၁၈၇ | ရဲတပ်သား သက်ထွန်းအောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၇။ | လ ၂၅၄၃၀၅ | ရဲတပ်သား စန်းလိုင်းထောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၈။ | လ ၂၆၇၄၈၄ | ရဲတပ်သား စံလင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၄၉။ | လ ၂၆၇၇၃၅ | ရဲတပ်သား သက်ပိုင်သူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၀။ | လ ၂၆၉၄၃၇ | ရဲတပ်သား ထိန်လင်းနိုင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၁။ | လ ၂၇၄၃၁၁ | ရဲတပ်သား ငြိမ်းချမ်းမင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၂။ | လ ၂၇၅၅၃၅ | ရဲတပ်သား ဘိုဘိုထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၃။ | လ ၂၇၆၂၁၅ | ရဲတပ်သား ထွန်းအောင်ကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၄။ | လ ၂၈၄၀၁၀ | ရဲတပ်သား ငြိမ်းချမ်းမောင် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၅။ | လ ၂၈၄၄၇၉ | ရဲတပ်သား မျိုးလှိုင်ဝင်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၆။ | လ ၂၈၄၅၀၈ | ရဲတပ်သား အောင်ဖြိုးသူ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၇။ | လ ၂၈၅၀၆၀ | ရဲတပ်သား သန်းစိုးထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၈။ | လ ၂၈၅၂၁၆ | ရဲတပ်သား ဇေယျာရှိန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၅၉။ | လ ၂၈၅၅၉၅ | ရဲတပ်သား မျိုးသန့်ဆွေ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၀။ | လ ၂၈၅၈၇၀ | ရဲတပ်သား ကျော်ထက် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၁။ | လ ၂၉၀၅၀၂ | ရဲတပ်သား မျိုးဝင်းထွန်း | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၂။ | လ ၂၉၁၈၂၆ | ရဲတပ်သား ဖိုးသကြိန် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၃။ | လ ၂၉၁၈၂၉ | ရဲတပ်သား အားဖူဆာ | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၄။ | လ ၂၉၁၈၄၅ | ရဲတပ်သား မင်းမင်းထွေး | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၅။ | လ ၂၉၂၀၆၁ | ရဲတပ်သား အာကာကျော် | မြန်မာနိုင်ငံရဲတပ်ဖွဲ့ |
| ၆၆။ | က ၃၅၄၅၂ | တပ်သား ချစ်ထွေး | အကျဉ်းဦးစီးဌာန |
| ၆၇။ | က ၃၈၁၂၆ | တပ်သား ဇင်ယော်အောင် | အကျဉ်းဦးစီးဌာန |

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

| | | | |
|---|---|---|---|
| ၆၈။ | က ၄၁၈၄၄ | တပ်သား စိုးအိုက်ခွန် | အကျဉ်းဦးစီးဌာန |
| ၆၉။ | က ၄၁၈၄၅ | တပ်သား လိန်တုန်းနွန်း | အကျဉ်းဦးစီးဌာန |
| ၇၀။ | ဒေါ်ခင်မိုးဆွေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၁။ | မခင်မြင့်မြင့်ဟန် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၂။ | ဒေါ်စန်းအေး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၃။ | မမေလမင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၄။ | ဒေါ်နှင်းဦးမေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၅။ | ဒေါ်ခင်မာဝေ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၆။ | ဒေါ်ခင်စန်းရီ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၇။ | ဒေါ်ဖြူလင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၈။ | ဒေါ်နီလာဝင်း | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၇၉။ | မောင်ဇော်ထက်အောင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၀။ | ဒေါ်ဇင်မာဦး | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၁။ | ဒေါ်သေးသွယ် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၂။ | ဒေါ်သေးလီ | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၃။ | ဒေါ်နန်းအိချော | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၄။ | ဒေါ်အိအိခိုင် | | ကာကွယ်ရေးဝန်ကြီးဌာန |
| ၈၅။ | ဦးသိန်းဝင်း | | မကွေးတိုင်းဒေသကြီး |
| ၈၆။ | ဦးဖိုးငြိမ်း | | မကွေးတိုင်းဒေသကြီး |
| ၈၇။ | ဦးကျော်မြင့်ဦး | | မကွေးတိုင်းဒေသကြီး |
| ၈၈။ | ဦးစိုးစိုး | | မကွေးတိုင်းဒေသကြီး |
| ၈၉။ | ဦးဝင်းမင်းထွေး | | မကွေးတိုင်းဒေသကြီး |
| ၉၀။ | ဦးရဲသီဟ | | မကွေးတိုင်းဒေသကြီး |
| ၉၁။ | ဦးထက်ဇော် | | မကွေးတိုင်းဒေသကြီး |
| ၉၂။ | ဦးဇင်ကိုမောင် | | မကွေးတိုင်းဒေသကြီး |
| ၉၃။ | ဦးစည်သူအောင် | | ရှမ်းပြည်နယ် |
| ၉၄။ | ဦးလီရှင်းမင်(ခ) အိုက်ရှန် | | ရှမ်းပြည်နယ် |
| ၉၅။ | ဦးကျန်းဝင်စု(ခ) တင်ထက်အောင် | | ရှမ်းပြည်နယ် |
| ၉၆။ | ဦးကျန်းပီးလှိုင်(ခ)မျိုးမင်းထွန်း | | ရှမ်းပြည်နယ် |
| ၉၇။ | ဟောင်ရှိမ်း(ခ) နိုင်တင်ထွဋ် | | ရှမ်းပြည်နယ် |
| ၉၈။ | ဦးအိုက်ပီး | | ရှမ်းပြည်နယ် |
| ၉၉။ | ဦးထွန်းလှ | | ရှမ်းပြည်နယ် |
| ၁၀၀။ | ဦးအိုက်နပ် | | ရှမ်းပြည်နယ် |
| ၁၀၁။ | ဦးမုန်အောင်(ခ)ပြည့်ဖြိုးအောင် | | ရှမ်းပြည်နယ် |
| ၁၀၂။ | ဦးလှိုင်ထက်ဝေယံ(ခ)ဝေယံ | | ရှမ်းပြည်နယ် |
| ၁၀၃။ | ဦးအောင်မင်းထက်(ခ)လီချင်ခွေ့ | | ရှမ်းပြည်နယ် |

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

# ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ (၂/၂၀၂၃) အစည်းအဝေးကို ယမန်နေ့နံနက်ပိုင်းက စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၌ ကျင်းပသည်။

အစည်းအဝေးသို့ ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးထွန်းအုံ၊ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီး/ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်ဥက္ကဋ္ဌတို့က ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။



ပြည်ထောင်စုကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ပြည်ထောင်စုကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီ (၂/၂၀၂၃) အစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

**ဆန်၊ စားသုံးဆီ ဈေးနှုန်းများ တည်ငြိမ်ရေးဆွေးနွေး**

အစည်းအဝေးတွင် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ပြည်ထောင်စုနယ်မြေနှင့် တိုင်းဒေသကြီး/ပြည်နယ်အားလုံးတွင် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့များကို နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တိုင်းဒေသကြီး/ပြည်နယ်ဝန်ကြီးချုပ်များ ဦးဆောင်၍ ဖွဲ့စည်းဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မတီအနေဖြင့် ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် အဓိကကျသည့် ဝန်ကြီးဌာနများမှ ပြည်ထောင်စုဝန်ကြီးများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးများ ကျင်းပပြီး အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီ ဈေးနှုန်းများ တည်ငြိမ်ရေးဆွေးနွေးခဲ့ကြောင်း။

စားအုန်းဆီဖြန့်ဝေရန် လျာထားမှု၊ သတ်မှတ်သည့်နေရာသို့ အမှန်တကယ် ရောက်ရှိမှု ရှိ/မရှိ၊ ဈေးကွက်အတွင်း အမှန်တကယ်ဖြန့်ဖြူးရောင်းချပေးမှု ရှိ/မရှိ ကြပ်မတ်ဆောင်ရွက်ရေး၊ စားအုန်းဆီတင်သွင်းမှုပမာဏ အပြည့်အဝဖြစ်စေရေးနှင့် ပြည်ပသို့ ဆန်တင်ပို့မည့်သူများကို သတ်မှတ်ချက်များနှင့် ကိုက်ညီမှု ရှိ/မရှိ စိစစ်ပြီးမှ လိုင်စင်ထုတ်ပေးနိုင်ရေးတို့ကို ဆွေးနွေးဆောင်ရွက်လျက်ရှိကြောင်း၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက သက်ဆိုင်ရာ တိုင်းဒေသကြီး/ ပြည်နယ်ရှိ ဒေသအရောက် စားအုန်းဆီ အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းများ သတ်မှတ်ထုတ်ပြန်ဆောင်ရွက်လျက်ရှိကြောင်း၊ ဈေးကွက်ထဲသို့ အမှန်တကယ် ဖြန့်ဖြူးရောင်းချပေးရန် တိုင်းဒေသကြီး/ ပြည်နယ် ကုန်ဈေးနှုန်းတည်ငြိမ်ရေး လုပ်ငန်းအဖွဲ့များက စနစ်တကျ ကြပ်မတ်သွားရန် လိုအပ်ကြောင်း။

ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေး ကော်မတီအနေဖြင့် မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှု၊ လက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းအဖွဲ့များဖြစ်သည့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံ ဆီစက်ပိုင်ရှင်များအသင်း၊ မန္တလေးတိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတို့မှ ကိုယ်စားလှယ်များနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ဆန်စပါးဥပဒေပြဋ္ဌာန်းနိုင်ရေးနှင့် ၂၀၂၃ ခုနှစ် မိုးစပါးပေါ်ချိန် ဆန်စပါးဝယ်ယူရာတွင် သင့်တင့်မျှတသော ဈေးနှုန်းများဖြစ်စေရန် ရည်ညွှန်းဈေးများဖြင့် ဝယ်ယူရေးတို့နှင့်ပတ်သက်ပြီး ဆွေးနွေးခဲ့ကြောင်း။

**အထောက်အကူပြုနိုင်မည်**

လက်ရှိအချိန်တွင် ဆန်စပါးသိုလှောင်ရုံ မှတ်ပုံတင်ခြင်း၊ ပို့ကုန်လုပ်ငန်းရှင် မှတ်ပုံတင်ခြင်း၊ ဆန်စက်မှတ်ပုံတင်ခြင်းလုပ်ငန်းများကို Digital နည်းလမ်းဖြင့် ဆောင်ရွက်နိုင်မည့် Myanmar Rice Online (MyRO) စနစ်ကို ၂၀၂၃ ခုနှစ် နိုဝင်ဘာ ၃ ရက်တွင် စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ ဆန်စပါးသိုလှောင်မှုများ စနစ်တကျ ရှိစေရေးအတွက် စပါးတင်း ၅၀၀၀ (သို့) ဆန်တန် ၅၀ အထက် ဆန်စပါးသိုလှောင်မှုအခြေအနေတို့ကို Myanmar Rice Online (MyRO) တွင် မှတ်ပုံတင်ခြင်းဖြင့် ဆန်စပါးဈေးကွက်တည်ငြိမ်မှုကန်စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သင့်တင့်မျှတတည်ငြိမ်သော ဆန်ဈေးကွက်နှင့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါးအာဏာပိုင်အဖွဲ့အနေဖြင့်လည်း နိုင်ငံအတွင်း အခြေခံစားသုံးသူပြည်သူများအတွက် ကျန်းမာရေးနှင့် ပိုမိုညီညွတ်သော စားသုံးဆီများ ထုတ်လုပ်၊ တင်ပို့၊ ဖြန့်ဖြူး၊ ရောင်းချနိုင်ရေးနှင့် စပ်လျဉ်းပြီး စနစ်တကျ စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း။

**ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်**

မိုးသီးနှံများ စိုက်ပျိုးခြင်းနှင့် ပတ်သက်ပြီး စိုက်ပျိုးမြေများ ရာနှုန်းပြည့် အောင်မြင်အောင် ဆောင်ရွက်ရန်နှင့် အထွက်နှုန်းကောင်းစေရေး ဆောင်ရွက်ရန် အဓိက အလေးထားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထို့ပြင် စိုက်ဧက၊ အထွက်နှုန်းတို့နှင့် ပတ်သက်သည့် စာရင်းအင်းကိန်းဂဏန်းအချက်အလက်များသည် လက်တွေ့မြေပြင်အခြေအနေနှင့် ကိုက်ညီမှုရှိရန် လိုအပ်ကြောင်း၊ အခြေခံစားသောက်ကုန်ပစ္စည်းဈေးနှုန်းများအခြေအနေကို မျက်ခြည်မပြတ် စောင့်ကြည့်ပြီး ဈေးနှုန်းပြောင်းလဲမှုဖြစ်ပေါ်ပါက အကြောင်းရင်းကို သေချာစိစစ်ဖော်ထုတ်၍ ဖြေရှင်းပေးနိုင်ရေး၊ ယင်းအခြေအနေကို အခွင့်ကောင်းယူပြီး ဈေးကစားခြင်း မဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်းထိန်းသိမ်းကြပ်မတ်နိုင်ရန် လိုအပ်ကြောင်း၊ ပြည်ထောင်စု ကုန်ဈေးနှုန်း တည်ငြိမ်ရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို အောင်မြင်အောင် ဆောင်ရွက်သွားရန်အတွက် ပြည်ထောင်စုအဆင့်ကော်မတီ၊ တိုင်းဒေသကြီး/ ပြည်နယ် ဝန်ကြီးချုပ်များနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ပုဂ္ဂလိကအသင်းအဖွဲ့အားလုံး ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက စားသုံးဆီဖြန့်ဖြူးခြင်းလုပ်ငန်းများ စနစ်တကျ ရှိစေရေး ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ၊ ကုန်ဈေးနှုန်းတည်ငြိမ်ရေးအတွက် ဆောင်ရွက်သွားမည့် အခြေအနေများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက မိမိတို့ ဒေသ/ဌာနအလိုက် စားသောက်ကုန်ပစ္စည်း ထုတ်လုပ်မှုတိုးတက်ရေးနှင့် ကုန်ဈေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်နေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ပြည်ထောင်စု ကုန်ဈေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်ဈေးနှုန်းတည်ငြိမ်စေရေးအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းများနှင့် လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီအာ၊ ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာ တို့နှင့် သီးခြားစီ တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပသည့် (၈) ကြိမ်မြောက် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု နိုင်ငံခြားရေးဝန်ကြီးများ အစည်းအဝေးကာလအတွင်း သီးခြားဆွေးနွေးပွဲအဖြစ် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီအာတို့သည် ယနေ့နံနက် ၉ နာရီတွင် ကျောက်ယွိထိုင် နိုင်ငံတော်ဧည့်ဂေဟာ၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ကာလရှည်ကြာတည်ရှိသည့် ချစ်ကြည်ရင်းနှီးမှုနှင့် ဆက်ဆံရေးပိုမိုတိုးတက်ခိုင်မာစေရေး၊ ခရီးသွားလုပ်ငန်း၊ သာသနာရေး၊ ယဉ်ကျေးမှုကဏ္ဍများနှင့် ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး ကိစ္စရပ်များအပါအဝင် နှစ်နိုင်ငံ အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ တိုးချဲ့ဆောင်ရွက်သွားရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာများတွင် နှစ်နိုင်ငံ အပြန်အလှန် ထောက်ခံရပ်တည်ရေး ကိစ္စရပ်များနှင့်ပတ်သက်၍ ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးခဲ့ကြသည်။

အလားတူ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ထိုင်းနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ပန်ပရီ ဘာဟီဒါ နူကာရာတို့သည် ယနေ့နံနက် ၁၀ နာရီခွဲတွင် ပေကျင်းမြို့ရှိ China World ဟိုတယ်၌ တွေ့ဆုံဆွေးနွေးကြသည်။

ထိုသို့တွေ့ဆုံရာတွင် နှစ်ဖက် ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့သည် မြန်မာ-ထိုင်း နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးနှင့် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်သွားရေးအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နယ်စပ်ဒေသ လုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေး၊ ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှု တိုးမြှင့်ရေး၊ နယ်စပ်ဒေသရှိ ပြည်သူများအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်နိုင်မှု အလားအလာများ၊ မြန်မာနိုင်ငံ အရှေ့မြောက်နယ်စပ်ဒေသများတွင် ပိတ်မိနေသည့် ထိုင်းနိုင်ငံသားများကို နေရပ်ပြန်လည်ပို့ဆောင်ရေး၊ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်း အလုပ်သမားများအနေဖြင့် တရားဥပဒေအရ ၎င်းတို့ ရပိုင်ခံစားခွင့်များ ရရှိစေရေးနှင့် အကာအကွယ်ပေးသွားရေးနှင့် နှစ်နိုင်ငံအကြား အာဆီယံအပါအဝင် ဒေသတွင်းနှင့် နိုင်ငံတကာ မျက်နှာစာတို့တွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်



ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေနှင့် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်၊ နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာ ဆုပ်ဂျန်ဒါ ဆိုဖီအာ တို့ တွေ့ဆုံဆွေးနွေးစဉ်။

# ခရီးစဉ်ဒေသသစ်တစ်ခုအဖြစ်ဖော်ဆောင်ထားရှိသော မိုင်းရှူးတောင်ပေါ်တိမ်ပင်လယ်သို့ ယခုနှစ်တွင် စိတ်ဝင်တစား လာရောက်ကြည့်ရှုအပန်းဖြေသူ များပြားလာနေ

**ရန်ကုန် ဒီဇင်ဘာ ၇**



ခရီးစဉ်ဒေသသစ် တစ်ခုအဖြစ် ဖော်ဆောင်ထားရှိသော မိုင်းရှူးတောင်ပေါ်တိမ်ပင်လယ်သို့ ယခုနှစ်တွင် စိတ်ဝင်တစား လာရောက်ကြည့်ရှုအပန်းဖြေသူ များပြားနေကြောင်း ခရီးစဉ်သစ်ကို စတင်ဖော်ဆောင်သူ မနန်းမွေနွံက ပြောသည်။

ယင်းခရီးစဉ်ကို ၂၀၂၁ ခုနှစ်က စတင်ဖော်ဆောင်ခဲ့ပြီး ယခုနှစ်အတွင်း လူသိများလာခြင်းဖြစ်ကာ တိမ်ပင်လယ်မှာ မိုင်းရှူးတောင်ပေါ်တက်လမ်း အတိုင်း လာရောက်၍ဘိုးဘွားတောင်သွားလမ်း (PNO )ဘုရားအောက်ဘက်တွင်တည်ရှိပြီး မိုင်းရှူးမြို့မှ လာရောက်လည်ပတ်မည်ဆိုလျှင် ၄၅ မိနစ်ခန့် လာရောက်ရုံဖြင့် ရောက်ရှိနိုင်ကာ အဆိုပါနေရာသို့ အောက်တိုဘာလမှစ၍ လားရှိုး၊ ကျောက်မဲမြို့တို့မှ ခရီးသွားဧည့်သည်ဝင်ရောက်မှု များပြားခဲ့ကာ ရန်ကုန်တိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှလည်း လာရောက်လည်ပတ်သူများ ရှိလာကြောင်း ဆိုသည်။

"တိမ်ပင်လယ်ကို ကြည့်ရှုဖို့ မနက်ပိုင်းမှ လာရောက်သူဦးရေဆိုရင် တစ်ရက်ကို ၅၀၊ ၆၀ လောက်ရှိတယ်။ တိမ်ပင်လယ်ကြည့်ဖို့ ညအိပ်ပြီး စောင့်တဲ့သူတွေနဲ့ ဆိုရင်တော်တော်လေးများပါတယ်။ အများအားဖြင့်တော့ လူငယ်တွေပါ"ဟု မနန်းမွေနွံက ပြောသည်။

နံနက် ၆ နာရီ ဝန်းကျင် နေစထွက်သည့် အချိန်မှစတင်ကာ နံနက် ၁၀ နာရီဝန်းကျင်ခန့်အထိ တိမ်ပင်လယ်ကြည့်ရှုရန် အလှဆုံးအချိန်ဖြစ်ပြီး တိမ်များကြည့်ကာ အလှဓာတ်ပုံများ ရိုက်ကူးနိုင်ရန် ဓာတ်ပုံရိုက်စရာနေရာများ ဖော်ဆောင်ထားရှိကာ ဝင်ကြေးအနေဖြင့် ကျပ် ၄၀၀၀ ကောက်ခံသွားမည် ဖြစ်ကြောင်းလည်း သိရသည်။

"တိမ်တွေက ၁၀ လပိုင်းလောက်ကစပြီး ၂ လပိုင်းလောက်အထိတော့ တိမ်ရှိတယ်။ ဒါပေမယ့် ၁ လပိုင်းလောက်အထိတော့ တိမ်များပြီး ၂ လပိုင်းလောက်မှာတော့ တိမ်နည်းသွားတယ်" ဟုလည်း ၎င်းက ပြောကြားသည်။

တိမ်ပင်လယ် လာရောက်ကြည့်ရှုသူများအနေဖြင့် ညအိပ်တည်းခိုလိုသူများအတွက် ဘန်ဂလိုများ စီစဉ်ထားရှိပြီး အခန်းခစျေးနှုန်းအနေဖြင့် နှစ်ယောက်အိပ်အခန်းစျေးနှုန်းမှာ ငွေကျပ် ၄၀၀၀၀၊ သုံးယောက်အိပ်အခန်းစျေးနှုန်းမှာ ငွေကျပ် ၆၀၀၀၀၊ လေးယောက်အိပ် အခန်းစျေးနှုန်းမှာ ငွေကျပ် ၈၀၀၀၀ ရှိကြောင်း သိရသည်။

MT

ဓာတ်ပုံ-မိုင်းရှူးတောင်ပေါ်တိမ်ပင်လယ်

❖ *ရှေ့ဖုံးမှ*

ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်း၌ နေရောင်ခြည်စွမ်းအင်သုံး ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းဆောက်ရွက်နေမှု၊ တည်ဆောက်ပြီးစီးမှုနှင့် လုပ်ငန်းများ စတင်စမ်းသပ်လည်ပတ်နေမှုအခြေအနေများကို တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်ကျော်လင်းနှင့် တာဝန်ရှိသူများက ဒီဇင်ဘာ ၆ ရက်တွင် ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

### လယ်ယာစိုက်ပျိုးရေးကဏ္ဍကို များစွာ အထောက်အကူပြုနိုင်မည်

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)က မင်းဘူး (စကု) မြို့နယ် ကျောက်စံလျှပ်စစ်ရေတင်လုပ်ငန်း၌ နေရောင်ခြည်စွမ်းအင်သုံး ၂၁၅ ကီလိုဝပ် ဆိုလာဓာတ်အားပေးစနစ် တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေမှ ခွင့်ပြုငွေကျပ် ၅၅၉ ဒသမ ၆၉ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သည့် ကုမ္ပဏီက ၂၀၂၃ ဇူလိုင် ၉ ရက်က စတင်ဆောင်ရွက်ခဲ့ပြီး နိုဝင်ဘာ ၁၅ ရက်တွင် ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးခဲ့သည့်အတွက် ယခုအခါ လုပ်ငန်းများ စတင်စမ်းသပ်လည်ပတ်နေပြီဖြစ်ကြောင်း၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင် ဆိုလာစနစ်ကို တပ်ဆင်သုံးစွဲနိုင်သည့်အတွက် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို လျှော့ချနိုင်မည့်အပြင် မီတာယူနစ်ကုန်ကျစရိတ်သက်သာခြင်းနှင့် စိုက်ပျိုးရေရယူရာတွင် စဉ်ဆက်မပြတ် ဖြန့်ဝေဆောင်ရွက်ပေးနိုင်ခြင်းကြောင့် ဒေသခံတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးကဏ္ဍကို များစွာ အထောက်အကူပြုနိုင်မည်ဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန(ရေအရင်းအမြစ်)မှ တာဝန်ခံ ဦးစီးအရာရှိ ဦးစိုးညွန့်လင်းက ပြောသည်။

### စိုက်ပျိုးရေများ ဖြန့်ဝေဆောင်ရွက်ပေးနိုင်ခဲ့

အဆိုပါ ဆိုလာဓာတ်အားပေးစနစ် ဖော်ဆောင်နိုင်ခဲ့သည့်အတွက် အကျိုးပြုဧရိယာ ၇၅၅ ဧကအနက် ၂၀၂၃-၂၀၂၄ စိုက်ပျိုးရာသီတွင် မိုးစပါး ၅၂၅ ဧကနှင့် အခြားသီးနှံဧက ၂၃၀ တို့ကို စိုက်ပျိုးရေများ ဖြန့်ဝေဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ထို့အပြင် နွေစပါး ဧက ၂၀၀ နှင့် အခြားသီးနှံ ဧက ၄၀၀ ကို လျာထားစိုက်ပျိုးနိုင်ရေးအတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မှစတင်ပြီး စိုက်ပျိုးရေများ စတင်ဖြန့်ဝေပေးသွားမည် ဖြစ်ကြောင်း သိရသည်။

မောင်မောင်(မင်းဘူး)

# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့်တွေ့ဆုံ၍ သတင်းတု သတင်းမှား တိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေး

ဘားအံ ဒီဇင်ဘာ ၇

**ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့ မွန်းလွဲပိုင်းက ဘားအံမြို့ ဇွဲကပင်ခန်းမ၌ ဘားအံတက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သတင်းတု သတင်းမှား တိုက်ဖျက်ရေးကိစ္စရပ်များ ဆွေးနွေးပြောကြားသည်။**




တွေ့ဆုံပွဲ အခမ်းအနားသို့ ကရင်ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဘားအံ တက္ကသိုလ်နှင့် ပညာရေးဒီဂရီကောလိပ်တို့မှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ စာပေယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံတိုင်းရင်းသားများ တက်ရောက်ကြသည်။

ဦးစွာ မီဒီယာအဆိပ်သင့်မှု အန္တရာယ်၊ နိုင်ငံတော်တည်ဆောက်ရေးနှင့် နိုင်ငံတော်မီဒီယာ၏အခန်းကဏ္ဍ၊ ရှေ့သို့ချီမည် ပန်းတိုင်ဆီ စသည့် ဗီဒီယိုကလစ်တို့ကို ပြသသည်။

**အမှာစကားပြောကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ယနေ့ လူမှုကွန်ရက်ပလက်ဖောင်းများ ပေါ်တွင် ကျင့်ဝတ်သိက္ခာမဲ့သော မီဒီယာကြီးများက သတင်းတု သတင်းမှားများ လွှင့်ထုတ်ကာ ပြည်သူများအား အသိအမြင် လွဲမှားအောင် ဆောင်ရွက် နေကြပါကြောင်း၊ တစ်နည်းအားဖြင့် နိုင်ငံတော်အစိုးရ၏ လုပ်ဆောင်ချက်များကို သတင်းတု သတင်းမှားများ လွှင့်ထုတ်ကာ ပြည်သူများ အထင်အမြင်လွဲမှားအောင် နည်းမျိုးစုံဖြင့် ဆောင်ရွက်နေသည်ဟု ပြောလိုပါကြောင်း၊ အဆိုပါလူမှုကွန်ရက်မီဒီယာများပေါ်မှ လွှင့်တင်ဖော်ပြချက်များကို အမှန်/အမှား ခွဲခြားဝေဖန်ပိုင်းခြားကာ ရှုမြင်သုံးသပ်နေကြရန် လိုအပ်ပါကြောင်း။

အားလုံးသိကြသည့်အတိုင်း အကြမ်းဖက်သမားများက တိုင်းဒေသကြီး/ ပြည်နယ်အချို့၌ အပြစ်မဲ့ပြည်သူများကို မင်းမဲ့စရိုက်ဆန်စွာ အနိုင်ကျင့် သတ်ဖြတ် တိုက်ခိုက်မှုများ၊ ပြည်သူပိုင်လမ်း၊ တံတား၊ အဆောက်အအုံများအား ဖောက်ခွဲဖျက်ဆီးမှုများကို လုပ်ဆောင်နေသည့်အတွက် နိုင်ငံအတွက်ရော ပြည်သူများအတွက်ပါ လွန်စွာနစ်နာလျက်ရှိပါကြောင်း၊ ယင်းအကြမ်းဖက်သမားများ၏ လုပ်ရပ်များအပေါ် ပြည်သူများအနေဖြင့် ဆန့်ကျင်ရှုတ်ချကာ ဝိုင်းဝန်းကာကွယ်တားဆီးပေးရန် တိုက်တွန်းလိုပါကြောင်း။

အလားတူ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသတွင် လက်နက်ကိုင် အဖွဲ့အစည်းအချို့က ကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်၍ စစ်ပွဲများ ဖန်တီးတိုက်ခိုက်နေကြသဖြင့် ဒေသခံပြည်သူများ ထိခိုက်နစ်နာလျက် ရှိသလို နိုင်ငံတော်၏ ပုံရိပ်ကိုလည်း ထိခိုက်ပျက်ပြားလျက် ရှိပါကြောင်း၊ အထူးသဖြင့် ရှမ်းပြည်နယ် (မြောက်ပိုင်း) တွင် ဖြစ်ပွားနေသော စစ်ပွဲများကို အကြောင်းပြု၍ မသမာသူ အဖျက်သမားများက မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံ၏ ချစ်ကြည်ရင်းနှီးမှုကို ထိခိုက်ပျက်ပြားအောင် သတင်းတု၊ သတင်းမှားများ လွှင့်ထုတ်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့မြင်ရပါကြောင်း၊ မိမိတို့အနေဖြင့် တရုတ်-မြန်မာ ချစ်ကြည်ရေးကို ဆက်လက်ထိန်းသိမ်းပြီး နှစ်နိုင်ငံအကျိုးဖြစ်ထွန်းစေမည့် ကိစ္စများကို ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ပါကြောင်း၊ နယ်မြေဒေသတစ်ခု ဖွံ့ဖြိုးတိုးတက်မှု၏ အခြေခံသည် တည်ငြိမ်အေးချမ်းရေးပင်ဖြစ်သည့်အတွက် မိမိတို့ဒေသတည်ငြိမ်အေးချမ်းအောင် ကူညီဆောင်ရွက်ပေးကြရန်နှင့် နိုင်ငံရေး၊ လူမျိုးရေး အစွန်းရောက်တွေးခေါ်မှုများကြောင့် ပဋိပက္ခများ မဖြစ်ပွားစေရန် ဝိုင်းဝန်းထိန်းသိမ်းပေးကြပါဟု ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက သတင်းမှားများ တိုက်ဖျက်ရေးနှင့် သတင်းများ မှန်ကန်စွာစီးဆင်းနိုင်ရေးအတွက် ဆောင်ရွက်ရမည့် လုပ်ငန်းများကို ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကရင်ပြည်နယ်အစိုးရအဖွဲ့အတွက် DTH (၆) စုံနှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ်၊ ကျေးရွာများအတွက် DVB T 2 Set Top Box အလုံး ၆၀၀ ကို လှူဒါန်းရာ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးမြင့်လွင်ကလည်းကောင်း၊ ကရင်ပြည်နယ် တပ်နယ် မိသားစုများအတွက် DTH (၄) စုံနှင့် DVB T 2 Set Top Box အလုံး ၄၀၀ ကို လှူဒါန်းရာ နယ်မြေခံတပ်နယ်မှ တာဝန်ရှိသူ တစ်ဦးကလည်းကောင်း လက်ခံရယူကြသည်။ ဆက်လက်၍ ကရင်တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု ဒုံးအဖွဲ့က ဒုံးအကဖြင့် ကပြဖျော်ဖြေတင်ဆက်ခဲ့ပြီး ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။

**ခေတ်စနစ်နှင့်လျော်ညီစွာ ပြောင်းလဲဆောင်ရွက်ရမည်**

ယနေ့နံနက်ပိုင်းက ပြည်ထောင်စုဝန်ကြီးသည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဘားအံခရိုင်ရုံးရှိ ကလေးစာဖတ်ခန်း၊ ပြတိုက်ငယ်၊ ပြည်သူ့စာကြည့်တိုက်နှင့် ရွေ့လျားစာကြည့်တိုက်ယာဉ်ကို လည်းကောင်း၊ လူထုအခြေပြုဗဟိုဌာန (Community Centre) ဘားအံရှိ စာအုပ်သိုလှောင်ခန်း၊ ကွန်ပျူတာခန်းမ၊ အစည်းအဝေးခန်းမတို့ကို ကြည့်ရှုပြီး ဝန်ထမ်းများအား တွေ့ဆုံစဉ် မိမိတို့ဝန်ကြီးဌာနက ဆောင်ရွက်နေသည့် လုပ်ငန်းများကို ပြောင်းလဲလာသည့် ခေတ်စနစ်အခြေအနေနှင့် လျော်ညီစွာ ပြောင်းလဲ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် သမားရိုးကျ မီဒီယာလုပ်ငန်းများမှ New Media ဟုခေါ်သည့် မီဒီယာပုံစံသစ်များကို တတ်ကျွမ်းနားလည်အောင်လုပ်ပြီး မိမိတို့လုပ်ငန်းများကို မြှင့်တင်ရမည်ဖြစ်ကြောင်း၊ ကမ္ဘာ့နိုင်ငံများတွင် သတင်းအချက်အလက် နည်းပညာရပ်များကို ဉာဏ်ရည်တုနည်းပညာ အသုံးချ၍ လုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နေချိန်တွင် မိမိတို့ဝန်ထမ်းများက ပေါ့ပေါ့လျော့လျော့ တွေးခေါ်လုပ်ကိုင် ဆောင်ရွက်နေ၍မရဘဲ ပြောင်းလဲဆန်းသစ်တီထွင် လုပ်ကိုင်နေရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် လူငယ်များအား အသိပညာမှန်ကန်ပြီး အရည်အသွေးပြည့်ဝသည့် နိုင်ငံသားကောင်းများ ဖြစ်ပေါ်လာစေရေးအတွက် အားထုတ်ကြိုးပမ်းပေးရန်လိုကြောင်း။

ကရင်ပြည်နယ်အစိုးရအဖွဲ့က မိမိတို့ရုံးအား လူထုအခြေပြုဗဟိုဌာနအဆောက်အအုံ တစ်ခုကို စီစဉ်တည်ဆောက်၍ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် လိုအပ်သည်များ ကူညီပံ့ပိုးပေးထားသည်ကို တွေ့မြင်ရ၍ လွန်စွာ ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ ပြည်သူများ စာအုပ်စာစောင် ဖတ်ရှုလေ့လာနိုင်ရေးနှင့် အသိပညာ မြင့်မားလာစေရေး အတွက် စာကြည့်တိုက်များ ဖွင့်လှစ်ပေးရုံဖြင့်မရဘဲ ပြည်သူများ စာအုပ်စာစောင်များကို လက်လှမ်းတမီ ငှားရမ်းဖတ်ရှုနိုင်ရန် ရွေ့လျားစာကြည့်တိုက်ယာဉ်ဖြင့် စာအုပ်၊ စာစောင်များ သွားရောက် ငှားရမ်းပေးကြရမည်ဖြစ်ကြောင်း၊ ယခုအချိန်တွင် နယ်မြေတည်ငြိမ် အေးချမ်းရေးသည် အဓိကလိုအပ်ချက်ဖြစ်၍ ပြည်သူများအား အကြမ်းဖက်လုပ်ရပ်များကို ဆန့်ကျင်ရှုတ်ချတိုက်ဖျက်ကြရေး မီဒီယာနည်းလမ်းများဖြင့် ဆောင်ရွက်ပေးကြပါဟု ဆွေးနွေးပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ (ဘားအံ) ကို ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။

**သတင်းစဉ်**



ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဘားအံခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ရုံးရှိ ပြတိုက်ငယ်အတွင်း ခင်းကျင်းပြသထားသောပစ္စည်းများကို လှည့်လည်ကြည့်ရှုစဉ်။

## လူငယ်မောင်မယ်များ ဗလငါးတန်နှင့် ပြည့်စုံစေရန် မြန်မာ့ရိုးရာ သိုင်းပညာ(အဆင့်မြင့်) သင်တန်းဖွင့်

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာ့ရိုးရာ သိုင်းပညာ (အဆင့်မြင့်) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဒီဇင်ဘာ ၅ ရက် ညနေပိုင်းက ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေးဒီဂရီကောလိပ် (ရန်ကုန်)၌ ကျင်းပပြီး ပြည်ထောင်စု တိုင်းရင်းသားလူငယ်များ စွမ်းရည်ဖွံ့ဖြိုးရေး ဒီဂရီကောလိပ်(ရန်ကုန်) ကျောင်းအုပ်ကြီး ဦးထိန်လင်း တက်ရောက် အမှာစကားပြောကြားကာ သင်တန်းကို ဖွင့်လှစ်ပေးသည်။

ပညာသင်ယူနေကြသည့် တိုင်းရင်းသား လူငယ်မောင်မယ်များကို ကျန်းမာကြံ့ခိုင်ပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ ဘောဂ၊ မိတ္တ စသည့် ဗလငါးတန်နှင့် ပြည့်စုံသည့် လူ့စွမ်းအားအရင်းအမြစ်ကောင်းများ ဖြစ်လာစေရန်နှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်လိုသည့် စိတ်ဓာတ်များ ပေါ်ထွန်းလာစေရန် ရည်ရွယ်၍ အဆိုပါသင်တန်းကို ဖွင့်လှစ်သင်ကြားပေးခြင်းဖြစ်ပြီး ရက်သတ္တငါးပတ်ကြာ သင်ကြားပို့ချ ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်

**နေပြည်တော် ဒီဇင်ဘာ ၇**
(၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃) အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း၊ ဒုတိယဝန်ကြီးများ၊ နေပြည်တော်ကောင်စီဝင်၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ကြီးများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အမှတ် (၆) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်" သီချင်းကို ဂုဏ်ပြုသီဆို၍ အခမ်းအနားကို ဖွင့်လှစ်သည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်းက ဖတ်ကြားသည်။

ယင်းနောက် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း နေပြည်တော်မှ ကျောင်းသားကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဂုဏ်ပြုသီဆို တင်ဆက်ကြပြီး (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနား စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကာ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

**သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားတက်ရောက်ဆုချီးမြှင့်

နေပြည်တော် ဒီဇင်ဘာ ၇

**(၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ အမှတ်(၁၄) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည်။**



**တက်ရောက်**

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ နေပြည်တော် ပညာရေးမှူးရုံးမှ ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများ၊ ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများ၊ ဆရာ ဆရာမများ၊ ဆုရကျောင်းသား ကျောင်းသူများနှင့် ကျောင်းသားမိဘများ တက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက ဇာတိမာန် တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အခမ်းအနားကို ဖွင့်လှစ်သည်။

**ဖတ်ကြား**

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဖတ်ကြားသည်။

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်း အဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြပြီး ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်း တေးသီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားနှင့် (၆၆)ကြိမ်မြောက် အမျိုးသားတံခွန်စိုက်(ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲ တတိယနေ့ပွဲစဉ်များ ဆက်လက်ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**
အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်း၍ ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ကျင်းပပြုလုပ်သည့် မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ် ဥက္ကဋ္ဌဖလားနှင့် (၆၆) ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို ယနေ့နံနက် ၇ နာရီမှစတင်၍ ဝဏ္ဏသိဒ္ဓိ အားကစားကွင်းနှင့် လေ့ကျင့်ရေးကွင်းအမှတ်(၁)တို့၌ ကျင်းပရာ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြေးခုန်ပစ်အဖွဲ့ချုပ်မှ တာဝန်ရှိသူများနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

**ယှဉ်ပြိုင်ကစား**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များအဖြစ် (အမျိုးသမီး- ၇ မျိုးစုံ) ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး)သံလုံးပစ်ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) မီတာ-၅၀၀၀ပြိုင်ပွဲ၊ အမျိုးသားတုတ်ထောက်ခုန်ပြိုင်ပွဲ၊ (အမျိုးသား/ အမျိုးသမီး) မီတာ-၄၀၀ တန်းကျော်ပြေးပြိုင်ပွဲ၊ (အမျိုးသား+အမျိုးသမီး) မီတာ (၄၀၀x၄) လက်ဆင့်ကမ်းပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) မီတာ- ၈၀၀ ပြိုင်ပွဲ၊ (အမျိုးသား/အမျိုးသမီး) မီတာ - ၂၀၀ပြိုင်ပွဲ၊ အမျိုးသမီးအလျားခုန်ပြိုင်ပွဲများကို ယှဉ်ပြိုင်ကစားခဲ့ကြသည်။

**စံချိန်သစ်များတင်နိုင်**

ယနေ့ပြိုင်ပွဲ ပွဲစဉ်များဖြစ်သည့် အမျိုးသား သံလုံးပစ်ပြိုင်ပွဲတွင် ထက်ဝေယံ (ပြည်ထဲရေး) သည် ၁၅ ဒသမ ၀၂ မီတာဖြင့် ၂၀၀၃ ခုနှစ် အောင်မိုးဝင်း (မြို့တော်/စည်ပင်) ၏ စံချိန် ၁၄ ဒသမ ၀၇ မီတာထက်သာလွန်ကောင်းမွန်ပြီး စံချိန်သစ်တင်နိုင်ခဲ့သည့်အပြင် အမျိုးသားမီတာ ၂၀၀ ပြိုင်ပွဲတွင် ထက်ရှိုင်းအောင် (စည်ပင်) ၏ Hand Timing ၂၁ ဒသမ ၂၅ စံချိန်သည် ၁၉၉၃ ခုနှစ်၊ ကျော်ထူးအောင် (ဟိုတယ်/ခရီး) ၏ ဖိလစ်ပိုင်နိုင်ငံတွင် ရရှိသော Electronic Time ၂၁ ဒသမ ၃၄ စံချိန် ထက်သာလွန်၍လည်းကောင်း ဝန်ကြီးဌာန စံချိန်သစ်များ တင်နိုင်ခဲ့သည်။



ပြိုင်ပွဲများအပြီးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပြိုင်ပွဲများတွင် ဆုရရှိကြသူများကို တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဒီဇင်ဘာ ၈ ရက်တွင် စတုတ္ထနေ့ ပြေးခုန်ပစ်ပြိုင်ပွဲ ပွဲစဉ်များကို နံနက် ၆ နာရီ မှစတင်၍ ဝဏ္ဏသိဒ္ဓိ ဘောလုံးအားကစားကွင်းနှင့် လေ့ကျင့်ရေး ကွင်းအမှတ် (၁) တို့၌ ဆက်လက်ကျင်းပသွားမည်ဖြစ်ပြီး အားကစားဝါသနာရှင်များ အနေဖြင့် မည်သူမဆို အခမဲ့ လာရောက်ကြည့်ရှု အားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# မင်းလှမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေး ဟောပြော

**မင်းလှ ဒီဇင်ဘာ ၇**
ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ် စစ်ကွင်းမြို့ မြို့မရပ်ကွက် တက်နေထွန်းသစ် ကိုယ်ပိုင်အထက်တန်းကျောင်းတွင် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ် (သာယာဝတီ) မှ ဦးဆောင်၍ လူကုန်ကူးမှု တားဆီး ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို ယမန်နေ့က ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် သာယာဝတီခရိုင် အမှတ်(၂) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး တပ်ဖွဲ့စိတ်မှူး ရဲအုပ် ဥက္ကာသွင်က လူကုန်ကူးခံရခြင်းတွင် အများဆုံးဖြစ်ပွားလေ့ရှိသော ပုံစံများ၊ လူကုန်ကူးခြင်း ခံရပါက ဆက်သွယ်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ Social Media အသုံးပြု၍ နည်းမျိုးစုံဖြင့် စည်းရုံးနေမှုများကို သတိပြုဆင်ခြင်နိုင်ရေး၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အမှတ်(၄၁/၂၂)ဖြင့် အတည်ပြုပြဋ္ဌာန်းခဲ့သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ဥပဒေပါ အကြောင်းအရာများနှင့် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ဥပဒေပါ အကြောင်းအရာများကို projector ပြသ၍ အသိပညာပေး ဟောပြောသည်။

အဆိုပါ ဟောပြောပွဲသို့ ကျောင်းအုပ်ကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများအား လူကုန်ကူးမှုတားဆီးကာကွယ်ရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

လျှပ်စစ်ကို ချွေတာသုံးစွဲခြင်းဖြင့် မီးတာခများများ ကျသင့်ခြင်းမှ ရှောင်ရှားပါ။

# မြန်မာအလုပ်သမားများအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ နေထိုင်လုပ်ကိုင်ခွင့်သက်တမ်းတိုးမြှင့်ပေး

**နေပြည်တော် ဒီဇင်ဘာ ၇**

အလုပ်သမားရေးရာ ကိစ္စရပ်များ ပူးပေါင်းဆောင်ရွက်နိုင်ရေး မြန်မာ-ထိုင်း နှစ်နိုင်ငံ အလုပ်သမားဝန်ကြီးများ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန် ထိုင်းနိုင်ငံသို့ ရောက်ရှိနေသည့် အလုပ်သမားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်နောင် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ထိုင်းနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးချစ်ဆွေနှင့်အတူ ယနေ့တွင် မြန်မာအလုပ်သမားများ အများဆုံးနေထိုင် အလုပ်လုပ်ကိုင်လျက်ရှိသည့် စက်ရုံ၊ အလုပ်ရုံများသို့ သွားရောက်တွေ့ဆုံ အားပေးပြီး မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) ထုတ်ပေးရေးစခန်း ဖွင့်လှစ်မည့် နေရာများသို့ သွားရောက်ကြည့်ရှုသည်။



**မြန်မာလုပ်သားများကို အားပေးစကားပြောကြား**

ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆူရတ်ဌာနီမြို့ရှိ Asian Seafoods စက်ရုံ၌ အလုပ်လုပ်ကိုင်နေကြသည့် MoU မြန်မာလုပ်သားများနှင့် တွေ့ဆုံစဉ် သက်ဆိုင်ရာ မိသားစုများထံ ရရှိလစာ ၂၅ ရာခိုင်နှုန်းပေးပို့ကြရန်၊ Remmittance Management System Mobile Application ဖြင့် မြန်မာနိုင်ငံရှိ မိသားစုများထံ တရားဝင်လမ်းကြောင်းမှ အလွယ်တကူငွေလွှဲစနစ်အား ရှင်းလင်းပြောကြားခြင်းနှင့် လက်တွေ့သရုပ်ပြသခြင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ကိုယ်စားလှယ်က အခွန် ၂ ရာခိုင်နှုန်း အကြောင်း ရှင်းလင်းခြင်းနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကိုယ်စားလှယ်က EID စနစ်အကြောင်း ရှင်းလင်းပြောကြားခြင်းတို့ကို ဆောင်ရွက်ကြပြီး မြန်မာအလုပ်သမားများ၏ လိုအပ်ချက်များကို မေးမြန်းဖြည့်ဆည်းကာ အတူတကွ နေ့လယ်စာ သုံးဆောင်၍ Sure Tex စက်ရုံရှိ MoU မြန်မာလုပ်သားများအား တွေ့ဆုံအားပေးစကား ပြောကြားကြသည်။ **(အပေါ်ပုံ)**

**သွားရောက်ကြည့်ရှု**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဆူရတ်ဌာနီမြို့ရှိ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (Certificate of Identity– CI) ထုတ်ပေးရေးစခန်း ဖွင့်လှစ်မည့် နေရာများသို့ သွားရောက်ကြည့်ရှုကြသည်။

ထိုင်းအစိုးရအဖွဲ့၏ ဆုံးဖြတ်ချက်အရ ထိုင်းနိုင်ငံတွင် ယာယီနေထိုင်လုပ်ကိုင်ခွင့် (ပန်းရောင်ကတ်) အတွက် အမည်စာရင်း တင်သွင်းခဲ့သည့် မြန်မာအလုပ်သမားများအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဖေဖော်ဝါရီ ၁၃ ရက်အထိ နေထိုင် လုပ်ကိုင်ခွင့်သက်တမ်း တိုးမြှင့်ပေးခဲ့ကြောင်း၊ အလုပ်သမားများသည် ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၅ ရက်မတိုင်မီ work permit လျှောက်ထားခြင်း၊ ကျန်းမာရေးစစ်ဆေးခြင်းနှင့် ကျန်းမာရေး အာမခံဝယ်ယူခြင်းများကို ဆောင်ရွက်ရမည်ဖြစ်ပြီး Work permit လျှောက်ထားခြင်းအတွက် အလုပ်သမားတစ်ဦးလျှင် ဘတ် ၁၄၅၀၊ ကျန်းမာရေး စစ်ဆေးခြင်းအတွက် ဘတ် ၅၀၀ နှင့် ပြည်သူ့ကျန်းမာရေးဝန်ကြီးဌာနမှ တစ်နှစ်အာမခံအတွက် ဘတ် ၁၆၀၀ သို့မဟုတ် ပုဂ္ဂလိကကုမ္ပဏီမှ ၆ လ အာမခံအတွက် ဘတ် ၉၉၀ နှင့် လူမှုဖူလုံရေး အာမခံစနစ် အကျုံးမဝင်သည့်သူများသည် တစ်နှစ်အာမခံကို ဝယ်ယူရမည်ဖြစ်ကြောင်းနှင့် ကုန်ကျစရိတ် စုစုပေါင်းအတွက် အလုပ်သမားတစ်ဦးလျှင် အနည်းဆုံး ဘတ် ၂၉၄၀ မှ အများဆုံး ဘတ် ၃၅၅၀ ကျသင့်မည်ဖြစ်ကြောင်း။

Work permit နှင့် ကျန်းမာရေး စစ်ဆေးမှု လုပ်ငန်းစဉ် ဆောင်ရွက်ပြီးသည့် အလုပ်သမားများသည် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်မတိုင်မီ Biometrics data ကောက်ယူခြင်း၊ လူဝင်မှုကြီးကြပ်ရေး ဗျူရိုတွင် ထိုင်းနိုင်ငံအတွင်း နေထိုင်ခွင့်ရရှိရန် ဆောင်ရွက်ပြီးနောက် Department of Provincial Administration သို့မဟုတ် Bangkok Metropolitan Administration ဌာနများတွင် မှတ်ပုံတင်ခြင်းကို ဆက်လက် ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်မတိုင်မီ CI သို့မဟုတ် Passport ဆက်လက် လျှောက်ထားရမည်ဖြစ်ကြောင်း။

**ဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်**

မြန်မာဘက်အနေဖြင့် မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ် (CI) ထုတ်ပေးရေး စခန်း ငါးခုနှင့် Mobile Team သုံးခု ဖွင့်လှစ်နိုင်ရေးဆောင်ရွက်လျက်ရှိပြီး အလုပ်သမားများ အများစုနေထိုင်လုပ်ကိုင်သည့် နေရာများသို့ Mobile Team များကို လွယ်လင့်တကူ ရွှေ့ပြောင်း ဖွင့်လှစ်ပေးခြင်းဖြင့် အလုပ်သမားများသည် လုပ်ငန်းခွင်မပျက် အထောက်အထား လျှောက်ထားနိုင်မည်ဖြစ်ပြီး အလုပ်ရှင်အနေဖြင့်လည်း လုပ်ငန်းခွင်ကို အရှိန်အဟုန်မပြတ် ဆက်လက်လည်ပတ်နိုင်မည်ဖြစ်သည့်အပြင် ပွဲစားများ၏ အမြတ်ထုတ်မှုများကိုလည်း ကာကွယ်ပြီးဖြစ်သည့်အတွက် Mobile Team များကို အရေအတွက် များများဖွင့်လှစ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# (၁၂) ကြိမ်မြောက် အာဆီယံအသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF–ACV) အစည်းအဝေးသို့ မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်

နေပြည်တော် ဒီဇင်ဘာ ၇

**အာဆီယံ အသိုက်အဝန်း ၂၀၂၅ ခုနှစ်အလွန် မျှော်မှန်းချက်ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF–ACV)၏ (၁၂) ကြိမ်မြောက် အစည်းအဝေးကို အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့ရှိ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၌ ဒီဇင်ဘာ ၄ ရက်မှ ၅ ရက်အထိ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံ၏ အာဆီယံအသိုက်အဝန်း ၂၀၂၅ အလွန် မျှော်မှန်းချက် ရေးဆွဲရေးဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ခေါင်းဆောင်၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝါဝါမောင် ခေါင်းဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။ (ယာပုံ)**




အဆိုပါ အစည်းအဝေးသို့ နိုင်ငံခြားရေးဝန်ကြီးဌာန အာဆီယံရေးရာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဇော်စိုးနှင့် ဘာသာရပ်ဆိုင်ရာ တာဝန်ခံအရာရှိတို့လည်း အထောက်အကူပြုအဖွဲ့အဖြစ် တက်ရောက်ကြသည်။

**တက်ရောက်**

အစည်းအဝေးတွင် အာဆီယံဥက္ကဋ္ဌဖြစ်သည့် အင်ဒိုနီးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြားပုဂ္ဂိုလ်နှင့် နိုင်ငံခြားရေးဝန်ကြီး၏ ဦးစားပေးလုပ်ငန်းစဉ်များဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Dian Triansyah Djani ၊ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် စာတမ်းရေးဆွဲရေးဆိုင်ရာ အမြဲတမ်းဦးဆောင်အဖွဲ့ဝင် မလေးရှားနိုင်ငံ၏ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်နှင့် အငြိမ်းစား သံအမတ်ကြီး Mr. Dato Zainuddin Yahya တို့က ပူးတွဲဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် လေ့လာသူ တီမောလက်စ်တေနိုင်ငံတို့၏ ထင်ပေါ်ကျော်ကြား ပုဂ္ဂိုလ်များ၊ အာဆီယံအတွင်းရေးမှူးချုပ် H.E. Dr. Kao Kim Hourn ၊ အဆင့်မြင့်ကိုယ်စားလှယ်များ၊ တာဝန်ရှိသူများနှင့် အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

**တွေ့ဆုံဆွေးနွေး**

အစည်းအဝေး၌ ၂၀၄၅ အာဆီယံအသိုက်အဝန်း မျှော်မှန်းချက်၏ မဟာဗျူဟာ အစီအစဉ်များကို မဏ္ဍိုင်အလိုက် ရေးဆွဲနိုင်ရေး၊ သက်ဆိုင်သည့် အာဆီယံအဖွဲ့အစည်းများနှင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေးညှိနှိုင်းရေး၊ ဆောင်ရွက်ရမည့် အချိန်ဇယားနှင့် လုပ်ငန်းစဉ်၊ ယင်းလုပ်ငန်းစဉ်တွင် ထည့်သွင်းရေးဆွဲရမည့် အကြောင်းအရာတို့နှင့် စပ်လျဉ်း၍ ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေ ချောမွေ့စေရေးအတွက် HLTF–ACV မှ အာဆီယံ စီးပွားရေး ပေါင်းစည်းမှုဆိုင်ရာ အဆင့်မြင့်လုပ်ငန်းအဖွဲ့ (HLTF–EI) ဥက္ကဋ္ဌ၊ အာဆီယံ လူမှု-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဆင့်မြင့်အရာရှိကြီးများ အစည်းအဝေး (SOCA) ဥက္ကဋ္ဌ၊ အာဆီယံ ပေါင်းစပ်ဆက်သွယ်မှု ညှိနှိုင်းရေးကော်မတီ (ACCC) ဥက္ကဋ္ဌတို့နှင့် မျက်နှာစုံညီ တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

**ဆွေးနွေးပြောကြား**

ဒုတိယဝန်ကြီးက ၂၀၄၅ အာဆီယံ အသိုက်အဝန်းမျှော်မှန်းချက်၏ မဟာဗျူဟာ အစီအစဉ်များရေးဆွဲရာ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ဖွံ့ဖြိုးမှုကွာဟချက် ရှိနေခြင်းကြောင့် အဆိုပါကွာဟချက် ကျဉ်းမြောင်းလာစေရေးကို ဦးစားပေးကဏ္ဍ တစ်ခုအဖြစ် ဆက်လက်ထားရှိနိုင်ရေး၊ ယင်းနှင့်သက်ဆိုင်သည့် စီမံချက် လုပ်ငန်းစဉ်များကို မဟာဗျူဟာ အစီအစဉ်များ၌ ထည့်သွင်းရေးဆွဲရေး၊ အာဆီယံအဖွဲ့ဝင်နိုင်ငံများနှင့် ပြည်သူများအကြား စီးပွားရေးသာမက အသိဉာဏ်ပညာ၊ အဖွဲ့အစည်းဆိုင်ရာနှင့် ဒစ်ဂျစ်တယ် နည်းပညာ ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်များ ရှိနေခြင်းကြောင့် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုဆောင်ရွက်သွားနိုင်ရေး၊ နိုင်ငံတွင်း သက်ဆိုင်ရာမဏ္ဍိုင်၏ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများအကြား ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ထားရှိမှု အခြေအနေနှင့် မြန်မာနိုင်ငံသည် အာဆီယံ၏ တာဝန်သိအဖွဲ့ဝင်နိုင်ငံဖြစ်သည်နှင့်အညီ မဟာဗျူဟာ လုပ်ငန်းစဉ်၌ အပြည့်အဝ ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

**ညှိနှိုင်းရေးဆွဲ**

"တက်ကြွ၍ ကြံ့ခိုင်မှုရှိပြီး တီထွင်ဆန်းသစ်နိုင်သော ပြည်သူ့ဗဟိုပြု အာဆီယံ" ဆောင်ပုဒ်ဖြင့် ရေးဆွဲထားသည့် ၂၀၄၅ အာဆီယံ အသိုက်အဝန်း မျှော်မှန်းချက်ကို အဆင့်မြင့် လုပ်ငန်းအဖွဲ့၏ (၁၁) ကြိမ်မြောက် HLTF အစည်းအဝေး၌ အပြီးသတ်ရေးဆွဲခဲ့ပြီး (၄၃) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးမှ အတည်ပြုခဲ့ပြီးဖြစ်သည်။ အဆိုပါ မျှော်မှန်းချက်ကို ၂၀၂၅ ခုနှစ်မှ ၂၀၄၅ ခုနှစ်အတွင်း ဆက်လက်အကောင်အထည်ဖော်မည့် မဟာဗျူဟာ လုပ်ငန်းအစီအစဉ်များကို အာဆီယံနိုင်ငံရေးနှင့် လုံခြုံရေး အသိုက်အဝန်း (APSC)၊ စီးပွားရေးအသိုက်အဝန်း (AEC)၊ လူမှု–ယဉ်ကျေးမှု အသိုက်အဝန်း (ASCC) နှင့် အာဆီယံပေါင်းစပ်ဆက်သွယ်မှု ညှိနှိုင်းရေးကော်မတီ (ACCC) တို့အကြား ညှိနှိုင်းရေးဆွဲဆောင်ရွက်ခြင်း ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စိတ်ဝင်စားဖွယ် စီးပွားရေးသတင်းတွေ ...

ခင်သန်းမြင့်

**အခုတစ်လော နိုင်ငံပိုင်သတင်းစာတွေမှာ စီးပွားရေးသတင်းတွေ အတော်များများ ဖော်ပြလာတာတွေ့ရတယ်။ အထူးသဖြင့် နိုင်ငံတော်က လက်ရှိအားပေးနေတဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်း (MSME) သတင်းဆောင်းပါး၊ အင်တာဗျူးတွေ၊ ဒေသထွက်ကုန်သတင်းတွေအပါအဝင် ပြည်တွင်း ပြည်ပ စီးပွားရေးသတင်းတွေအစုံအလင်ပါပဲ။ စိတ်ဝင်စားဖို့ကောင်းသလို ဗဟုသုတလည်းရတယ်။**

အရင်ကတော့ အများနည်းတူ ကျွန်မလည်း စီးပွားရေးသတင်းတွေဆို နိုင်ငံရေး၊ စစ်ရေး သတင်းတွေလောက် ခံတွင်းသိပ်မတွေ့လှဘူး။ ဗီယက်နမ်စစ်ပွဲ၊ အီရန်-အီရတ်စစ်ပွဲ၊ ဖောက်ကလန်စစ်ပွဲစတဲ့ စစ်ရေးသတင်းတွေ၊ အမေရိကန်သမ္မတ ရွေးကောက်ပွဲသတင်းတွေ အပါအဝင် စစ်ရေး၊ နိုင်ငံရေးသတင်းတွေပဲ မလွတ်တမ်း လေ့လာဖတ်ရှုဖြစ်ခဲ့တယ်။ ကျွန်မတို့ ငယ်ငယ်ကတော့ အခုလို သတင်းအချက်အလက် နည်းပညာတွေမဖွံ့ဖြိုး၊ မတိုးတက်သေးတော့ သတင်းစာတွေ၊ ဂျာနယ်တွေပဲ အားထားဖတ်ရှုရတာပေါ့။

> ❍ **စစ်ရဲ့အနိဋ္ဌာရုံတွေကို ကိုယ်တိုင်ကိုယ်ကျ မခံစားဖူးတဲ့သူတွေ၊ ကိုယ်ချင်းစာတရား နည်းပါး ကင်းမဲ့တဲ့သူတွေအဖို့ကတော့ နကမ္ဘတိ မတုန်မလှုပ်နေနိုင်အားကြပေမယ့် ကုန်စည်စီးဆင်းမှုအနှောင့်အယှက်၊ အတားအဆီးတွေကြောင့် နောက်ဆက်တွဲ ပေါ်ပေါက်လာမယ့် စီးပွားရေးကျပ်တည်းမှုတွေ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေ ကိုတော့ အချိန်ကြာလာတာနဲ့အမျှ အားလုံးရင်ဆိုင်ကြုံတွေ့ကြရမှာ**

## နည်းပညာတွေ တိုးတက်လာ

သတင်းအချက်အလက်နဲ့ နည်းပညာတွေ တိုးတက်လာတဲ့ လက်ရှိခေတ်ကာလကြီးမှာ တော့ လက်ကိုင်ဖုန်းထဲကတစ်ဆင့် ကမ္ဘာကြီးကို လက်ဖဝါးပေါ်တင်ပြီး ကြည့်ရှုလေ့လာနိုင်ပါပြီ။ ဒါပေမယ့် နိုင်ငံရေး၊ စစ်ရေးသတင်းတွေကို လေ့လာကြည့်ရှုရတာ အရင်လို အာသာငမ်းငမ်းမရှိတော့ပါဘူး။ လက်ရှိ ဂါဇာစစ်ပွဲဆိုရင် ဟားမားစ်တို့ရဲ့ အစ္စရေးနိုင်ငံတောင်ပိုင်းကို စတင်ကျူးကျော်ဝင်ရောက်တိုက်ခိုက်မှုတွေ၊ အစ္စရေးရဲ့လက်တုံ့ပြန် အပြင်းအထန် ဗုံးကြဲတိုက်ခိုက်မှုကြောင့် အပြစ်မဲ့ ပါလက်စတိုင်း ကလေး၊ လူကြီးမကျန် ထိခိုက်သေဆုံးခဲ့ရမှုတွေ၊ စစ်ရဲ့နောက်ဆက်တွဲဆင့်ကဲ ဒုက္ခမျိုးစုံ ခံစားနေရမှုတွေ စတဲ့ အနိဋ္ဌာရုံသတင်းတွေကို ဖတ်ရ၊ ကြည့်ရတာ စိတ်မချမ်းမြေ့လှဘူး။ အသက်အရွယ်က စကားပြောလာတယ်ထင်ပါရဲ့။ မင်္ဂလာရှိတဲ့သတင်းတွေ၊ မင်္ဂလာရှိတဲ့မြင်ကွင်းတွေကိုပဲ မြင်ချင်ကြားချင်ပါတော့တယ်။

အခုရက်ပိုင်းမှာ အစ္စရေးနဲ့ ဟားမားစ်တို့ ရက်ပိုင်း အပစ်အခတ်ရပ်စဲရေးကာလအတွင်း နှစ်ဖက်ဓားစာခံတွေ အပြန်အလှန်လဲလှယ်နေကြတဲ့ သတင်းတွေဖတ်ရတော့ ဝမ်းသာကြည်နူးရတယ်။ ဒီကြားထဲ အစ္စရေးကလည်း မြေပြင်ထိုးစစ် စတင်ဝင်မယ်တကဲကဲဖြစ်နေပြန်တော့ ဘယ်အချိန်ပြန်ချကြမလဲဆိုပြီး စိတ်ပူရတယ်။ ပြောလို့မှမဆုံးသေးဘူး၊ အခုရက်ပိုင်းမှာပဲ အစ္စရေးရဲ့တစ်ကျော့ပြန်တိုက်ခိုက်မှုတွေ ပြန်စလာပြန်ပါပြီ။ စစချင်းရက်မှာပဲ ပါလက်စတိုင်းအရပ်သားတွေ ရာနဲ့ချီ သေဆုံးကြရပြန်ပြီ။ အများစုကတော့ အမျိုးသမီးနဲ့ ကလေးသူငယ်တွေပါပဲ။

မြန်မာနိုင်ငံမှာလည်း ရှမ်းပြည်နယ် (မြောက်ပိုင်း) အပါအဝင် ဒေသအချို့မှာ လူမျိုးစွဲ၊ ဒေသစွဲနဲ့ တစ်တောတစ်ကြက်ဖ စစ်ဘုရင်ဝါဒကို ကိုင်စွဲထားတဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့ရဲ့ တိုက်ကွက်ဖော်မှုကြောင့် တိုက်ပွဲတွေက အခုထိ မစဲနိုင်သေးပါဘူး။ တိုက်ပွဲတွေ အတောမသတ်နိုင်လေလေ ဒေသခံပြည်သူတို့ရဲ့ အသက်၊ အိုးအိမ်စည်းစိမ်တွေ၊ နိုင်ငံပိုင်လမ်းတံတား အဆောက်အအုံတွေ ပျက်စီးဆုံးရှုံးလေလေပါပဲ။

## စစ်ရဲ့အနိဋ္ဌာရုံတွေ

စစ်ရဲ့အနိဋ္ဌာရုံတွေကို ကိုယ်တိုင်ကိုယ်ကျ မခံစားဖူးတဲ့သူတွေ၊ ကိုယ်ချင်းစာတရား နည်းပါး ကင်းမဲ့တဲ့သူတွေအဖို့ကတော့ နကမ္ဘတိ မတုန်မလှုပ် နေနိုင်အားကြပေမယ့် ကုန်စည်စီးဆင်းမှုအနှောင့်အယှက်၊ အတားအဆီးတွေကြောင့် နောက်ဆက်တွဲ ပေါ်ပေါက်လာမယ့် စီးပွားရေးကျပ်တည်းမှုတွေ၊ ကုန်ဈေးနှုန်းကြီးမြင့်မှုတွေကိုတော့ အချိန်ကြာလာတာနဲ့အမျှ အားလုံးရင်ဆိုင်ကြုံတွေ့ကြရမှာပါ။

ရေခံမြေခံ အခြေခံကောင်းမွန်တဲ့ မြန်မာနိုင်ငံဟာ ကြိုးစားရင် ကြိုးစားသလောက် ခရီးပေါက်နိုင်မယ့် အခွင့်အလမ်းကောင်းတွေ အများကြီးရှိလျက်သားနဲ့ နှစ်ပေါင်း ၇၀ ကျော်ကြာ ပြည်တွင်းလက်နက်ကိုင်ပဋိပက္ခတွေကြောင့် အခွင့်အလမ်းကောင်းတွေကို ယခုတိုင် လက်လွှတ်ဆုံးရှုံးနေရဆဲပါ။ မြန်မာတွေ စီးပွားရေးကို စိတ်ပါဝင်စားဖို့လိုပါပြီ။ ယခုရက်ပိုင်းအတွင်းက နိုင်ငံပိုင်သတင်းစာနှစ်စောင်မှာ တစ်ရက်တည်းဖော်ပြခဲ့တဲ့ စီးပွားရေးဆိုင်ရာ သတင်းနှစ်ပုဒ်ဆို ကျွန်မဖြင့်ဖတ်ပြီး စဉ်းစားဆင်ခြင်စရာဖြစ်ရတယ်။

နိုဝင်ဘာ ၂၉ ရက်စွဲနဲ့ မြန်မာ့အလင်းက ဖော်ပြတဲ့ နိုင်ငံခြားသတင်းမှာ ဗီယက်နမ်ဟာ ကမ္ဘာ့ဒုတိယအကြီးဆုံး ပုစွန်တင်ပို့တဲ့နိုင်ငံဖြစ်လာပြီး ယခုနှစ် ပထမ ၁၀ လ အတွင်း ပုစွန်တင်ပို့ရာမှ အခွန်ငွေ အမေရိကန်ဒေါ်လာ ၂ ဒသမ ၈ ဘီလီယံ ရရှိတယ်လို့ဖတ်ရတယ်။ ၂၀၁၀-၂၀၂၃ ခုနှစ်ကာလအတွင်း ရေငန်ပုစွန်မွေးမြူရေးဧရိယာ ၆၄၄၀၀၀ မှ ၇၃၇၀၀၀ ဟက်တာအထိ ရှိလာပြီး ဗီယက်နမ်နိုင်ငံရဲ့ အကြီးမားဆုံး ပုစွန်တင်ပို့တဲ့ ဈေးကွက်ငါးခုက ဥရောပ၊ အမေရိကန်၊ ဂျပန်၊ တရုတ်နဲ့ တောင်ကိုရီးယားနိုင်ငံတို့ ဖြစ်တယ်လို့ဆိုတယ်။

တစ်ရက်တည်းမှာပဲ ကြေးမုံသတင်းစာမှာ တနင်္သာရီတိုင်းဒေသကြီးမှ ထွက်ရှိတဲ့ ပနားမီးပုစွန်ဖြူကို တရုတ်နိုင်ငံနဲ့ ဂျပန်နိုင်ငံကို အများဆုံး တင်ပို့လျက်ရှိတယ်ဆိုတာကို ဖတ်ရပြန်တယ်။ တနင်္သာရီတိုင်းဒေသကြီးမှာ ပနားမီးပုစွန်ဖြူမွေးမြူတာ ငါးနှစ်ကျော်ပဲရှိသေးပြီး အမြတ်အစွန်းကြီးသလို ရင်းနှီးမှုလည်းကြီးတယ်။ မြန်မာ့ပုစွန်ဖြူက အရည်အသွေးကောင်းတဲ့အတွက် ပြည်ပနိုင်ငံတွေက နှစ်ခြိုက်မှုရှိပြီး လက်ရှိမှာ တရုတ်နဲ့ ဂျပန်နိုင်ငံက အများဆုံး ဝယ်ယူနေတယ်။

တနင်္သာရီတိုင်းဒေသကြီး ကော့သောင်း၊ မြိတ်၊ ထားဝယ်ခရိုင်ရှိ ကျွန်းစု၊ ပုလော၊ ရေဖြူမြို့နယ်တွေက ရေငန်ပုစွန်မွေးမြူကေ ၁၈၂၇ ဒသမ ၄၄ ဧကမှာ ပုစွန်မွေးမြူရေးကန်ပေါင်း ၂၀၉ ကန်နဲ့ လေးလခန့် တစ်ကြိမ် မွေးမြူထုတ်လုပ်လျက်ရှိတယ်လို့ဆိုပါတယ်။ ကုမ္ပဏီတစ်ခုလျှင် ရေငန်ပုစွန်တင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀ သန်းနဲ့အထက် ရရှိနေတဲ့အတွက် မွေးမြူရေးကုမ္ပဏီတွေ တိုးပွားလာရင် ပြည်ပပို့ကုန်ဝင်ငွေ တိုးမြင့်ရရှိလာမယ်လို့လည်းဆိုပါတယ်။

## ကြိုးစားကြရဦးမယ်

ရေမြေတောတောင် သဘာဝရာသီဥတုချင်း တူညီတဲ့ ဒေသတွင်းနိုင်ငံချင်းအတူတူ ကျွန်မတို့လည်း ထုတ်လုပ်မှု၊ တင်ပို့မှု အချိုးအစားတွေ ဒီထက်မက တိုးတက်လာဖို့အများကြီး ကြိုးစားကြရဦးမယ်။

တစ်ခါ ခရီးသွားလုပ်ငန်းနဲ့ပတ်သက်ပြီး လာမယ့်နှစ်ဆန်းပိုင်းမှာ မြန်မာနိုင်ငံကို ပြည်ပခရီးသွားဝင်ရောက်မှု ယခုထက် ပိုမိုတိုးတက်မယ်လို့ မျှော်မှန်းထားကြောင်း မြန်မာနိုင်ငံခရီးသွားလုပ်ငန်းရှင်များအဖွဲ့ချုပ် ဥက္ကဋ္ဌရဲ့ မျှော်လင့်ချက်ကိုလည်း ဖတ်လိုက်ရတယ်။

"ပြည်ပခရီးသွားတွေ မူလခန့်မှန်းထားတာထက် အများကြီးကျဆင်းသွားတာမျိုးတော့ မဟုတ်ပေမယ့် အားရစရာကောင်းလောက်တဲ့ ကိန်းဂဏန်းမျိုး မဟုတ်ဘူး။ ဒါပေမယ့် ထိုးကျသွားတာမျိုးမဟုတ်တဲ့အတွက် ၂၀၂၄ ခုနှစ် ဇန်နဝါရီလ၊ ဖေဖော်ဝါရီလနဲ့ မတ်လတွေမှာ ထပ်ပြီးမျှော်လင့်နိုင်သေးတယ်။ အလားအလာအားဖြင့် မဆိုးဘူး၊ ကောင်းတယ်လို့ ပြောလို့ရတယ်"ဆိုတဲ့ ဥက္ကဋ္ဌရဲ့ သုံးသပ်ချက်ကိုလည်းတွေ့ရတယ်။

တစ်ဆက်တည်းမှာပဲ အိမ်နီးချင်း လာအိုနိုင်ငံက လာအိုခရီးသွားနှစ် ၂၀၂၄ အတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေးလှုပ်ရှားမှုကို ပြီးခဲ့တဲ့ နိုဝင်ဘာလကုန်ပိုင်းက စတင်ပြုလုပ်ခဲ့တဲ့ သတင်းတစ်ပုဒ်ဖတ်လိုက်ရပြန်တယ်။ ဒီလှုပ်ရှားမှုက လာအိုနိုင်ငံမှာ နှစ်စဉ်ကျင်းပမြဲဖြစ်တဲ့ That Luang ပွဲတော်နဲ့လည်း တိုက်ဆိုင်နေပြီး လှုပ်ရှားမှု ၇၉ ခု ပါဝင်မယ်လို့ဆိုတယ်။ တစ်နှစ်တာ လာအိုခရီးသွားနှစ်ရဲ့ဆောင်ပုဒ်က "လာအိုယဉ်ကျေးမှု သဘာဝနှင့် သမိုင်းတို့၏ သုခဘုံ"ရယ်လို့ တင်စားထားပြီး လာဘ်ကောင်အဖြစ် ဆင်ကို ရွေးချယ်ထားတယ်လို့ သိရတယ်။

လာအိုခရီးသွားနှစ် ၂၀၂၄ ကို နိုင်ငံရဲ့ခရီးသွားလုပ်ငန်းကဏ္ဍမှာ ကုန်ပစ္စည်းအသစ်တွေနဲ့ ဝန်ဆောင်မှုတွေဖွံ့ဖြိုးတိုးတက်လာစေဖို့ ရည်ရွယ်ထားတဲ့အပြင် လာအိုအစိုးရက နိုင်ငံတကာနဲ့ လာအိုခရီးသွား ၄ ဒသမ ၆ သန်းထက်မနည်းကို ဆွဲဆောင်သွားဖို့နဲ့ ၎င်းတို့ထံက ဝင်ငွေအမေရိကန်ဒေါ်လာ ၇၁၂ သန်းရရှိဖို့ မျှော်လင့်ထားတယ်တဲ့။ လာအိုနိုင်ငံကို ယခုနှစ် ပထမကိုးလအတွင်းမှာ နိုင်ငံတကာခရီးသွား ၂ ဒသမ ၄ သန်း ဝင်ရောက်ခဲ့တဲ့အတွက် ယမန်နှစ် အလားတူကာလနဲ့နှိုင်းယှဉ်ရင် ၂၈၅ ရာခိုင်နှုန်း မြင့်တက်လာတယ်လို့လည်းဆိုတယ်။

## အမှတ်ရမိတယ်

ကျွန်မဖြင့် ပြည်တွင်း ပြည်ပခရီးသွားဆိုင်ရာ သတင်းနှစ်ပုဒ်ကို နှိုင်းယှဉ်ဖတ်ရှုရင်း တစ်ခေတ်တစ်ခါက Visit Myanmar Year 1996 ဆိုတဲ့ ၁၉၉၆ ခုနှစ်က မြန်မာခရီးသွားနှစ်ကို ပြန်ပြောင်းအမှတ်ရမိတယ်။ တစ်ဆက်တည်းမှာပဲ မြန်မာ့ခရီးသွားနှစ်အတွက် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး လိုဂိုဆိုင်းဘုတ်တွေမှာ အမြဲတွေ့မြင်နေကျ လာဘ်ကောင်ဖြစ်တဲ့ ဖိုးဝရုပ်ကလေးကိုလည်း သတိရမိတယ်။

တကယ်တော့ ခရီးသွားလုပ်ငန်းဆိုတာကလည်း သဘာဝရှုမျှော်ခင်းတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ပေါ်ကြွယ်ဝရုံနဲ့ မပြီးပါဘူး။ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးတို့နဲ့လည်း ဆက်စပ်နေပါတယ်။ အိမ်သာမှ ညှော်လာမှာပေါ့။ မြန်မာနိုင်ငံက မီးခိုးမထွက်တဲ့ စက်ရုံကြီး အင်နဲ့အားနဲ့ အဆက်မပြတ် လည်ပတ်နိုင်ဖို့ဆိုတာ တစ်ဦးတစ်ယောက်၊ တစ်ဖွဲ့တစ်သင်းနဲ့ လုပ်ယူလို့မရပါဘူး။ နိုင်ငံသားအားလုံးနဲ့ သက်ဆိုင်ပါတယ်။ ခရီးသွားလုပ်ငန်းကတစ်ဆင့် ဖြစ်တည်လာတဲ့ ဝန်ဆောင်မှု၊ ရောင်းဝယ်ဖောက်ကားမှုအပါအဝင် ဆက်စပ်လုပ်ငန်းတွေက ရရှိလာမယ့် အသီးအပွင့်တွေကလည်း ဒေသခံပြည်သူတွေအားလုံး မျှဝေခံစားကြရမှာ မဟုတ်လား။ စီးပွားရေးအသိအမြင် ဗဟုသုတတွေတိုးပွားဖို့ စီးပွားရေးသတင်းတွေလည်း ဖတ်ကြပါဦး။ ။

> ❑ **တကယ်တော့ ခရီးသွားလုပ်ငန်းဆိုတာကလည်း သဘာဝရှုမျှော်ခင်းတွေ၊ ယဉ်ကျေးမှုအမွေအနှစ်တွေ ပေါ်ကြွယ်ဝရုံနဲ့ မပြီးပါဘူး။ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး နဲ့ တရားဥပဒေစိုးမိုးရေးတို့နဲ့လည်း ဆက်စပ်နေပါတယ်။ အိမ်သာမှ ညှော်လာမှာပေါ့။ မြန်မာနိုင်ငံက မီးခိုးမထွက်တဲ့ စက်ရုံကြီး အင်နဲ့အားနဲ့ အဆက်မပြတ် လည်ပတ်နိုင်ဖို့ဆိုတာ တစ်ဦး တစ်ယောက်၊ တစ်ဖွဲ့တစ်သင်းနဲ့ လုပ်ယူလို့မရပါဘူး။ နိုင်ငံသား အားလုံးနဲ့ သက်ဆိုင်ပါတယ်**

# မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ (၂၀၂၃) ဒုတိယနေ့ ကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာနိုင်ငံ ပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲ(၂၀၂၃)ကို နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန-၂ (MICC-2)၌ ဒုတိယနေ့ ဆက်လက်ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းနှင့် အဖွဲ့သည် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ပိုစတာ ၂၇ စောင်ကို ကြည့်ရှုအားပေးရာ စာတမ်းရှင်များက ရှင်းလင်းတင်ပြကြသည်။ **(ယာပုံ)**



ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် နိုင်ငံတကာမှ ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် နေ့လယ်စာအတူတကွ သုံးဆောင်ပြီး ပညာရှင်များအား နီးနှောဖလှယ်ပွဲ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဒစ်ဂျစ်တယ်နည်းပညာအသုံးပြု၍ ကျန်းမာရေးသတင်းအချက်အလက်များ ဆက်သွယ်ဆောင်ရွက်မှုလုပ်ငန်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းဆိုင်ရာ ခေတ်မီ IT နည်းပညာများ ခင်းကျင်းပြသထားမှုကို လှည့်လည်ကြည့်ရှု၍ တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် ဆွေးနွေးမှာကြားသည်။

နံနက်ပိုင်းတွင် ကာကွယ်ဆေးထိုးနှံခြင်းဖြင့် ကူးစက်ရောဂါများ ကာကွယ်ထိန်းချုပ်နိုင်ခြင်းဆိုင်ရာ အလေ့အကျင့်ကောင်းများနှင့် ပတ်သက်သည့် Best Practices on effective immunization, communicable diseases prevention and control towards healthy nation ခေါင်းစဉ်ဖြင့် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကိုကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး နီပေါနိုင်ငံမှ Dr Krishna, Prasad Paudel, Ministry of Health and Population၊ ဗီယက်နမ်နိုင်ငံမှ Dr. Hoang Khanh Chi, HIV Program Director at IRD နှင့် ပြည်တွင်းပြည်သူ့ကျန်းမာရေးပညာရှင် သုံးဦး တက်ရောက်ဆွေးနွေးကြပြီး အိန္ဒိယနိုင်ငံမှ Dr Asha Hegde, Director, HIV/Hepatitis/COVID, South East Asia, PATH နှင့် ကနေဒါနိုင်ငံမှ Dr. Anurag Bhargawa, Strategic and Technical Advisory Group on TB for WHO တို့က Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးသည်။

ထို့နောက် ပညာရပ်ဆိုင်ရာ နီးနှောဖလှယ်ပွဲများကို အခန်း(၃)ခန်းခွဲ၍ ကျင်းပရာ အခန်း(၁)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာမြင့်မြင့်သန်းက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ဘင်္ဂလားဒေ့ရှ်နိုင်ငံ သံအမတ်ကြီး H.E. Dr. Md Monwar Hossain က တွဲဖက်သဘာပတိအဖြစ်ဆောင်ရွက်သည့် ပြည်သူလူထုဗဟိုပြု ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုများဆိုင်ရာ People centered public health services: Role of multi-stakeholders and community empowerment ခေါင်းစဉ်ဖြင့်ဆွေးနွေးပွဲတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ Dr. Farzana Islam, Bangladesh University of Professionals (BUP)နှင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင် ခြောက်ဦးတို့က ဆွေးနွေးတင်ပြသည်။

အခန်း (၂)တွင် တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ စုစုဒွေးက သဘာပတိအဖြစ်ဆောင်ရွက်သည့် အိပ်ချ်အိုင်ဗီ/ အေအိုင်ဒီအက်စ် ရောဂါအဆုံးသတ်ဖို့ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်စို့ (Join Hands for ending HIV/AIDS) ခေါင်းစဉ်ဖြင့် ကျင်းပသည့် ဆွေးနွေးမှုတွင် အိန္ဒိယနိုင်ငံမှ Dr. Bitra George, International Expert၊ ပြင်သစ်နိုင်ငံမှ Ms. Lydie Pak, Harm Reduction Advisor, MDM တို့နှင့် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင် သုံးဦးက တက်ရောက်ဆွေးနွေးသည်။

အခန်း(၃)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (သဘာဝဘေး/ ကူးစက်) ဒေါက်တာထွန်းတင်က သဘာပတိအဖြစ် ဆောင်ရွက်သည့် ကမ္ဘာ့ကပ်ရောဂါဖြစ်ပွားစဉ်ကာလတွင် နိုင်ငံဖြတ်ကျော်ဝင်ပေါက်များတွင် ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းနှင့် တုံ့ပြန်ဆောင်ရွက်ခြင်း အတွေ့အကြုံများနှင့်ပတ်သက်သည့် Experiences and lessons learnt in Point-of-Entry surveillance and response in pandemic ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင် ငါးဦးက တက်ရောက်ဆွေးနွေးသည်။

မွန်းလွဲပိုင်းတွင် ဆွေးနွေးပွဲများကို အခန်း(၃)ခန်းခွဲ၍ကျင်းပရာ အခန်း(၁)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ပြည်သူ့ကျန်းမာ) ဒေါက်တာ သီရိနွယ်က သဘာပတိအဖြစ် ဆောင်ရွက်သည့် ကျန်းမာသော လူထုပတ်ဝန်းကျင်နှင့် လုပ်ငန်းခွင်ဆိုင်ရာ Living in a multi-polluted world: Creating healthy community and work-place ခေါင်းစဉ်ဖြင့် နီပေါနိုင်ငံမှ ပြည်သူ့ကျန်းမာရေးပညာရှင် Mr. Upendra Dhungana, Ministry of Health and Population နှင့် ပြည်တွင်းမှပညာရှင် သုံးဦးမှ ဆွေးနွေးပြီး မော်လဒိုက်နိုင်ငံမှ Mr.Mohamed Rasheed, Chairperson, Water Care မှ Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးသည်။

အခန်း(၂)တွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် (ရောဂါနှိမ်နင်းရေး) ဒေါက်တာကျော်ကံကောင်းက သဘာပတိအဖြစ် ဆောင်ရွက်သည့် တီဘီရောဂါအဆုံးသတ်ရေး Towards End TB: Epidemiology, Clinical and Public Health Directions ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင် ငါးဦးက တက်ရောက်ဆွေးနွေးသည်။

အခန်း(၃)တွင် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာခင်ဇော်က သဘာပတိအဖြစ် ဆောင်ရွက်သည့် တစ်ခုတည်းသော ကျန်းမာရေးပူးပေါင်းဆောင်ရွက်မှုပုံစံ One Health approach in combating zoonotic diseases, food safety and antimicrobial resistance ခေါင်းစဉ်ဖြင့် ဆွေးနွေးမှုတွင် ပြည်တွင်းမှ ပြည်သူ့ကျန်းမာရေးပညာရှင် ငါးဦးက တက်ရောက်ဆွေးနွေးသည်။

ထို့နောက် ပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲကို ဆက်လက်ကျင်းပရာ ဗိုလ်ချုပ် ကျော်ဇေယျ၊ ဒုတိယဆေးဝန်ထမ်းညွှန်ကြားရေးမှူး၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့မှ သဘာပတိအဖြစ် ဆောင်ရွက်ပြီး ပါမောက္ခဒေါက်တာလှလှဝင်း၊ ပါမောက္ခချုပ်၊ ပြည်သူ့ကျန်းမာရေးတက္ကသိုလ်က တွဲဖက်သဘာပတိအဖြစ် ဆောင်ရွက်သည့် အနာဂတ်အတွက် လုံခြုံစိတ်ချရသည့် ပြည်သူ့ကျန်းမာရေးစနစ် တည်ဆောက်ရေးဆိုင်ရာ Building a sustainable and resilient public health system for future pandemics ခေါင်းစဉ်တွင် တရုတ်နိုင်ငံမှ Dr Zhou Shuduo၊ Peking University၊ သီရိလင်္ကာနိုင်ငံမှ Professor Lokumeegodage DJU Upul Senarath, University of Colombo တို့နှင့် ပြည်တွင်း ပြည်သူ့ကျန်းမာရေးပညာရှင် လေးဦးမှ တက်ရောက်ဆွေးနွေးကြပြီး လာအိုနိုင်ငံမှ Dr. Sengthida SIVILAY၊ Ministry of Health နှင့် ထိုင်းနိုင်ငံမှ Dr. Pisut Chunchongkolkul, Ministry of Public Health မှ Virtual စနစ်ဖြင့် တက်ရောက်ဆွေးနွေးသည်။

ယင်းနောက် မြန်မာနိုင်ငံပြည်သူ့ကျန်းမာရေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ (၂၀၂၃) ၏ ပိတ်ပွဲအခမ်းအနားကိုကျင်းပရာ ဒုတိယဝန်ကြီး ပါမောက္ခဒေါက်တာအေးထွန်းက အမှာစကား ပြောကြားသည်။

နံနက်ပိုင်းတွင် နီးနှောဖလှယ်ပွဲသို့ တက်ရောက်လာကြသည့် နိုင်ငံတကာမှ ပြည်သူ့ကျန်းမာရေးပညာရှင် ၁၇ ဦးပါဝင်သည့်အဖွဲ့သည် ဇေယျာသီရိမြို့နယ်၊ စည်ပင်သာယာ ကျေးလက်ကျန်းမာရေးဌာနသို့လည်းကောင်း၊ ပြည်တွင်းပြည်သူ့ကျန်းမာရေးပညာရှင်များ ပါဝင်သောအဖွဲ့သည် ပုဗ္ဗသီရိမြို့နယ် ကျည်တောင်ကန်ကျေးလက်ကျန်းမာရေးဌာနနှင့် အေးမြင့်သာယာ ကျေးလက်ကျန်းမာရေးဌာနများသို့လည်းကောင်း သွားရောက်ကာ ပြည်သူ့ကျန်းမာရေးလုပ်ငန်းများကို ကွင်းဆင်းလေ့လာကြသည်။ ညနေပိုင်းတွင် တက်ရောက်လာသည့် နိုင်ငံတကာနှင့် ပြည်တွင်း ပြည်သူ့ကျန်းမာရေးပညာရှင်များနှင့် ကိုယ်စားလှယ်များသည် မာရဝိဇယရုပ်ပွားတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ကြည်ညိုကြသည်။

မြန်မာနိုင်ငံကျန်းမာရေးပညာရပ်ဆိုင်ရာနီးနှောဖလှယ်ပွဲ(၂၀၂၃)ကို ဒီဇင်ဘာ ၆ မှ ၇ ရက်အထိ ကျင်းပဆောင်ရွက်ခဲ့ရာ နီးနှောဖလှယ်ပွဲ ဒုတိယနေ့တွင် ပြည်သူ့ကျန်းမာရေးဆိုင်ရာ ခေါင်းစဉ် ၄၇ ခုကို ထိုင်းနိုင်ငံ၊ လာအိုနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ နီပေါနိုင်ငံ၊ တရုတ်နိုင်ငံ၊ မော်လဒိုက်နိုင်ငံ၊ အိန္ဒိယနိုင်ငံ၊ ကနေဒါနိုင်ငံ၊ ပြင်သစ်နိုင်ငံတို့မှ ပြည်သူ့ကျန်းမာရေးပညာရှင် ၁၃ ဦးနှင့် မြန်မာနိုင်ငံမှ ပြည်သူ့ကျန်းမာရေးပညာရှင် ၃၄ ဦး တို့က ပညာရပ်ဆိုင်ရာ ဆွေးနွေးနီးနှောဖလှယ်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



မိတ္ထီလာမြို့တွင် ၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က မိတ္ထီလာပညာရေးဒီဂရီကောလိပ် ပညာပါရမီခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇော်ဇော်ဦး သဝဏ်လွှာဖတ်ကြားစဉ်။ ချမ်းသာ(မိတ္ထီလာ)

မိုင်းဖြတ်မြို့နယ်တွင် ၂၀၂၃ ခုနှစ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကို ဒီဇင်ဘာ ၇ ရက်က အခြေခံပညာအထက်တန်းကျောင်း (မိုင်းဖြတ်) ရှိ ရွှေလီဆောင်ခန်းမ၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီအောင် သဝဏ်လွှာဖတ်ကြားစဉ်။

မိုင်းဖြတ်(ပြန်/ဆက်)





(၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ကို ဂုဏ်ပြုသောအားဖြင့် မန်းအောင်ငြိမ်းဖောင်ဒေးရှင်းမှ လှူဒါန်းသည့် မြန်မာ၊ အင်္ဂလိပ်ဘာသာဖြင့် ထုတ်ဝေထားသည့် ဘာသာရေးဆိုင်ရာ ဓမ္မရသစာအုပ်များကို လယ်ဝေးမြို့နယ် စာရေးဆရာအသင်းက ရသေ့ချောင်းကျေးရွာ ဘဝသစ်ကိုယ်ပိုင်စာကြည့်တိုက်၊ ပေါက်မြိုင်ကျေးရွာ အခြေခံပညာအလယ်တန်းကျောင်းစာကြည့်တိုက်၊ ပင်းပြင်ကျေးရွာအခြေခံပညာအထက်တန်းကျောင်းခွဲစာကြည့်တိုက်နှင့် ပြင်ဦးလွင်မြို့ မြေပုံမြို့မ မဟာစည်သာသနာ့ရိပ်သာ ဓမ္မစာကြည့်တိုက်တို့ကို ဒီဇင်ဘာ ၇ ရက်က ပေးအပ်လှူဒါန်းစဉ်။ ဇော်ဘီ

# ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(YMBA) က ကြီးမှူးကျင်းပသော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားနှင့် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၇**

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA) က ကြီးမှူးကျင်းပသော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားနှင့် ဗုဒ္ဓဘာသာကလျာဏယုဝ အသင်း (YMBA) ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ချီးမြှင့်ခြင်း အခမ်းအနားကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ တပ်မတော်ဓမ္မာရုံ၌ ကျင်းပပြုလုပ်ရာ အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တတိလောကာဘိဝံသ အမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ဇော်ဟိန်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ အောင်မောင်း ကိုးချက်တီးကာဖွင့်လှစ်သည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ ရာသက်ပန် နာယက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင် ထံမှ ပေးပို့သော သဝဏ်လွှာကို ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကြီး၏ နာယကက ဖတ်ကြားသည်။

ထို့နောက် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)(ဗဟို) ဥက္ကဋ္ဌက (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။ ယင်းနောက် အင်းစိန်ရွာမပရိယတ္တိစာသင်တိုက်ကြီး၏ ဦးစီးပဓာန နာယကဆရာတော်၏ အမျိုးသားအောင်ပွဲနေ့ ဩဝါဒကို နာယူကာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဘွဲ့တံဆိပ်တော် ရရှိတော်မူသော အဂ္ဂမဟာ မင်္ဂလဓမ္မဇောတိကဓဇဘွဲ့ ၁၁ ပါး၊ မဟာ မင်္ဂလဓမ္မ ဇောတိကဓဇဘွဲ့ ၁၃ ပါး၊ မင်္ဂလဓမ္မ ဇောတိကဓဇဘွဲ့ ၃၄ ပါး၊ လူပုဂ္ဂိုလ် ၁၀၀ တို့အား မင်္ဂလာဆိုင်ရာ ဘွဲ့တံဆိပ်တော်များကို အသီးသီး ပေးအပ်ချီးမြှင့်ဆက်ကပ်ကြသည်။

ထို့နောက် ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ အခမ်းအနားကို အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များကို နှစ်ဖက်ဆွေးနွေး

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အကြိမ် (၂၀) မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ရန် အိန္ဒိယသမ္မတနိုင်ငံ နယူးဒေလီမြို့သို့ ဒီဇင်ဘာ ၄ ရက်မှ ၆ ရက်အထိ သွားရောက်ခဲ့ပြီး ယနေ့တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။



ဒုတိယဝန်ကြီးသည် ဒီဇင်ဘာ ၆ ရက် ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီတွင် နယူးဒေလီမြို့ရှိ ဟိုက်ဒြာဘတ် အစိုးရဧည့်ဂေဟာ၌ ကျင်းပသည့် အကြိမ် (၂၀) မြောက် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာနများအကြား မူဝါဒရေးရာ ညှိနှိုင်းဆွေးနွေးပွဲသို့ တက်ရောက်ပြီး ဆွေးနွေးပွဲတွင် အိန္ဒိယပြည်ပရေးရာဝန်ကြီးဌာန နိုင်ငံခြားရေး အတွင်းဝန် မစ္စတာ ဗီနေး မိုဟန် ကွာထရာနှင့်အတူ ပူးတွဲသဘာပတိအဖြစ် ဆောင်ရွက်သည်။

ဆွေးနွေးပွဲတွင် မြန်မာ-အိန္ဒိယ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နှစ်နိုင်ငံနယ်နိမိတ်ဆိုင်ရာ ကိစ္စရပ်များနှင့် နယ်စပ်ဒေသ ပူးပေါင်းဆောင်ရွက်ရေး၊ လုံခြုံရေးနှင့် ကာကွယ်ရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုများ၊ အိန္ဒိယနိုင်ငံ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှု အခြေအနေများ၊ ကုန်သွယ်ရေးနှင့် ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ ကောင်စစ်ဆိုင်ရာနှင့် ယဉ်ကျေးမှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ၊ အနာဂတ်တွင် ပူးပေါင်း ဆောင်ရွက်နိုင်မည့် ကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကြား ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို နှစ်ဖက် ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ ဆွေးနွေးပွဲသို့ အိန္ဒိယနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးမိုးကျော်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံအမတ်ကြီး မစ္စတာ ဗီနေးကူမား၊ မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၊ မြန်မာသံရုံး၊ နယူးဒေလီမြို့နှင့် အိန္ဒိယနိုင်ငံ ပြည်ပရေးရာဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံခြားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီးသည် အိန္ဒိယသမ္မတနိုင်ငံ ပြည်ပရေးရာ ဝန်ကြီး ဒေါက်တာ အက်စ်ဂျိုင်ရှန်ကာအား ဒေသစံတော်ချိန် ညနေ ၅ နာရီတွင် ပြည်ပရေးရာ ဝန်ကြီး၏ ဧည့်ခန်းမ၌ သွားရောက်တွေ့ဆုံပြီး မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကာလရှည်ကြာ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေး ပိုမိုတိုးမြှင့်ရေး၊ နှစ်နိုင်ငံ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားရေး၊ ပေါင်းစည်းချိတ်ဆက်မှု ကဏ္ဍအပါအဝင် အကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ရေး ကိစ္စရပ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ရပ်စောက်မြို့နယ်၌ အသင်းသားများအား စုဆောင်းငွေပေါ် အတိုးထုတ်ပေး

**ရပ်စောက် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) ရပ်စောက်မြို့နယ် မြို့မချေးသမဝါယမအသင်းက အသင်းသားများအား အစုပေါ်အမြတ်နှင့် စုဆောင်းငွေပေါ် အတိုးထုတ်ပေးခြင်းကို အဆိုပါအသင်းရုံးခန်းမ၌ ပြုလုပ်သည်။ အသင်းမှ အသင်းသား ၅၃၂ ဦးအား အစုပေါ်အမြတ်ငွေကျပ် ၂၄ ဒသမ ၁၂ သိန်းနှင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် ပထမ ခြောက်လပတ်အတွက် စုဆောင်းငွေပေါ် အတိုးငွေကျပ် ၁၈၂ ဒသမ ၈၅ သိန်း စုစုပေါင်း ငွေကျပ်၂၀၆ ဒသမ ၉၇ သိန်း ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ယာယီတိုက်ပွဲရှောင်များအား အခြေခံစားကုန်နှင့် အလှူငွေများ လှူဒါန်း

**သီပေါ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သီပေါမြို့နယ် အနောက်ခြမ်းဒေသ ကျင်သီ၊ ပေါ်ကြို၊ ဆားတွင်း၊ အုံမှု၊ မန်ဟဲ၊ တွန်တီး၊ နားခဲ၊ စံဖိတ်၊ စံလိုင်၊ နားလွယ် စသည့်ကျေးရွာများမှ ယာယီတိုက်ပွဲရှောင်များသည် ဘုန်းတော်ကြီးကျောင်းများ၊ ဘာသာရေးအသင်းအဖွဲ့များရှိရာ ခိုလှုံရေးစခန်းသို့ ရောက်ရှိခိုလှုံလျက်ရှိရာ ယာယီတိုက်ပွဲရှောင်သွေးချင်းများ စားဝတ်နေရေး အခက်အခဲမရှိစေရေး လူမှုရေးအသင်းအဖွဲ့များ၊ တစ်ဦးချင်း အလှူရှင်များက ကူညီထောက်ပံ့လှူဒါန်းလျက်ရှိသည်။

ယာယီတိုက်ပွဲရှောင်များ စားသောက်ရေးနှင့် လိုအပ်သော နေရာများတွင် အသုံးပြုနိုင်ရန် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်ရောက်(သီပေါအသင်း) မှ အလှူငွေကျပ် ၁၇ သိန်းကို နယ်စည်းမခြား ပရဟိတအသင်းမှတစ်ဆင့် လှူဒါန်းခဲ့ပြီး မြို့နယ်ရှမ်းစာပေနှင့် ယဉ်ကျေးမှုအသင်းက ဆန်၊ ဆီ၊ ဆား၊ ဟင်းချက်စရာများကိုလည်းကောင်း၊ သီပေါ အမျိုး



သမီး ကွန်ရက်မှ မြတ်မွန်စေတနာ လူမှုကူညီရေးအသင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းတို့ ပူးပေါင်းကာ အသုံးအဆောင်ပစ္စည်းများကို ကူညီလှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် ဒီဇင်ဘာ ၇**

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။ **မိုး/ဇလ**

# နီဗားဒါးပြည်နယ်ရှိ တက္ကသိုလ်ကျောင်းအတွင်း ပစ်ခတ်မှုကြောင့် သုံးဦးသေဆုံး

**နီဗားဒါး ဒီဇင်ဘာ ၇**

အမေရိကန် အနောက်ပိုင်းပြည်နယ် နီဗားဒါး၌ တက္ကသိုလ်ကျောင်းဝင်းအတွင်း ဒီဇင်ဘာ ၆ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားရာ သုံးဦးထက်မနည်း သေဆုံးခဲ့သည်ဟုပြည်နယ်ရဲတပ်ဖွဲ့က ပြောသည်။

နောက်ထပ်တစ်ဦးကိုလည်း စိုးရိမ်ရသည့်အခြေအနေဖြင့် ဆေးရုံပို့ဆောင်ပေးခဲ့ရသည်ဟု ရဲတပ်ဖွဲ့က ပြောသည်။ ပစ်ခတ်မှုကျူးလွန်သူဟု သံသယရှိသူမှာ သေဆုံးသွားပြီဖြစ်သည့်အတွက် တက္ကသိုလ်ဝင်းအတွင်းလုံခြုံမှုရှိပြီဟု အတည်ပြုခဲ့သည်။ ပြီးခဲ့သည့် အောက်တိုဘာလအတွင်းကလည်း မိန်းပြည်နယ် ဘိုးလင်းကစားသည့်နေရာနှင့် အရက်ဆိုင်တို့တွင် သေနတ်ဖြင့် ပစ်ခတ်မှုကြောင့် လူ ၁၈ ဦးထက်မနည်း သေဆုံးခဲ့ရသည်။

ဒီဇင်ဘာ ၆ ရက်က တက္ကသိုလ်ဝင်းအတွင်း ကျောင်းသားများစွာရှိနေစဉ် ဖြစ်ပွားခဲ့သည့်ပစ်ခတ်မှုဟူ၍ အမေရိကန်မီဒီယာများတွင် အကျယ်တဝင့် ဖော်ပြလျက်ရှိသည်။ **အင်န်အိတ်ချ်ကေ**



သက်ဆိုင်ရာတာဝန်ရှိသူများ အခင်းဖြစ်ပွားရာနေရာတွင် လုံခြုံရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

# အင်အားပြင်းဆိုင်ကလုန်းမုန်တိုင်း အိန္ဒိယနိုင်ငံတောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့သောကြောင့် ၁၄ ဦးထက်မနည်းသေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၇**

လွန်ခဲ့သော ရက်အနည်းငယ်အတွင်း အင်အားပြင်း ဆိုင်ကလုန်းမုန်တိုင်းတစ်ခု အိန္ဒိယနိုင်ငံ တောင်ပိုင်းကို ဖြတ်ကျော်ဝင်ရောက်ခဲ့သောကြောင့် ၁၄ ဦးထက်မနည်း သေဆုံးခဲ့ပြီး အပျက်အစီးများဖြစ်ပွားခဲ့သည်။ သေဆုံးသူအများစုမှာ ဆိုင်ကလုန်းမုန်တိုင်း မိချောင်း အဓိက ဖြတ်ကျော်ဝင်ရောက်ရာ တမီလ်နာဒူပြည်နယ်မှဖြစ်ကြောင်း သိရသည်။

မြို့တော်ချန်နိုင်းရှိ လေဆိပ်လည်း အကြီးအကျယ်ရေလွှမ်းမိုးနေသောကြောင့်လေကြောင်းလိုင်းများကိုလည်း ဖျက်သိမ်းခဲ့ရသည်။ မုန်တိုင်းသည် အိမ်နီးချင်း အန်ဒရာပရာဒေ့ရှ်ပြည်နယ်ကိုလည်း အကြီးအကျယ်ပျက်စီးမှုများ ဖြစ်စေခဲ့သည်။ မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် ဒေသတော်တော်များများတွင် ရေကြီးနစ်မြုပ်ခဲ့ပြီး ပြည်သူများ၏ အသက်ကို ခြိမ်းခြောက်လျက်ရှိသည်။



ကယ်ဆယ်ရေး လုပ်ငန်းများ အခက်ကြုံလျက်ရှိသည်။ ကယ်ဆယ်ရေး ထောက်ပံ့ရေးပစ္စည်းများလည်း အမှန်တကယ်လိုအပ်သူများထံ မရောက်ရှိသေးကြောင်း သိရသည်။ ယခုအခါတွင် မုန်တိုင်းသည် လေဖိအားနည်းရပ်ဝန်းအဖြစ် အားပျော့သွားပြီဖြစ်သော်လည်း အာဏာပိုင်များက နောက်ထပ် ပျက်စီးနိုင်ခြေရှိနိုင်မှုများကို သတိထားရန် ပြည်သူများကို တိုက်တွန်းခဲ့သလို ပြည်သူထောင်ပေါင်းများစွာ ဘေးလွတ်ရာ ပြောင်းရွှေ့နေမှုများကိုလည်း ကူညီခဲ့သည်။

**အင်န်အိတ်ချ်ကေ**

# တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း အလုပ်အကိုင်သစ် ထက်ဝက်နီးပါး သက်ကြီးရွယ်အိုများအတွက် ဖန်တီးပေးခဲ့

**ဆိုးလ် ဒီဇင်ဘာ ၇**

တောင်ကိုရီးယားနိုင်ငံ၌ ၂၀၂၂ ခုနှစ် အတွင်း အလုပ်အကိုင်သစ် ထက်ဝက်နီးပါးမှာ သက်ကြီးရွယ်အိုများအတွက် ဖန်တီးပေးခဲ့ခြင်းဖြစ်ကြောင်း၊ လူငယ်အလုပ်သမားဦးရေမှာလည်း အနည်းငယ်တိုးလာခဲ့ကြောင်း စာရင်းအင်းရုံးမှ ဒီဇင်ဘာ ၆ ရက် ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

၂၀၂၂ ခုနှစ်အတွင်း အလုပ်အကိုင်ပေါင်း ၂၆ ဒသမ ၄၅ သန်းရှိခဲ့ပြီး ယင်းအရင် နှစ်ကနှင့် နှိုင်းယှဉ်လျှင် ၈၇၀၀၀၀ကျော် တိုးလာခြင်းဖြစ်ကြောင်း တောင်ကိုရီးယား စာရင်းအင်းရုံး၏ အချက်အလက်များအရ သိရသည်။ အသက် ၆၀ နှင့် အထက်များအတွက် အလုပ်အကိုင် ၄၄၀၀၀၀ ကျော်ရရှိခဲ့ပြီး ပြီးခဲ့သည့်နှစ် အလုပ်အကိုင်သစ် ထက်ဝက်နီးပါး ရှိကြောင်း သိရသည်။ အသက် ၅၀ ဝန်းကျင်များအတွက် အလုပ်အကိုင်သစ် ၂၆၀၀၀၀ ဖန်တီးပေးနိုင်ပြီး အသက် ၄၀ ဝန်းကျင်များအတွက် အလုပ်အကိုင်သစ် ၁၀၀၀၀၀ နှင့် အသက် ၃၀ ဝန်းကျင်များအတွက် အလုပ်အကိုင်သစ် ၅၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

စက်မှုလုပ်ငန်း၊ ကျန်းမာရေးနှင့် သက်သာချောင်ချိရေးကဏ္ဍများမှ အလုပ်အကိုင်သစ် ၁၂၀၀၀၀ ကို ဖန်တီးပေးနိုင်ခဲ့ပြီး အရောင်းအဝယ်ကဏ္ဍတွင် အလုပ်အကိုင်သစ် ၁၁၀၀၀၀ နှင့် စက်မှုကုန်ထုတ်လုပ်ငန်းတွင် အလုပ်အကိုင်သစ် ၉၀၀၀၀ ရရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# စီးပွားရေးထိပ်တန်းနိုင်ငံများရှိ ကလေးပေါင်း ၆၉ သန်းကျော်မှာ ဆင်းရဲနွမ်းပါးစွာ နေထိုင်နေရ

**ဂျီနီဗာ ဒီဇင်ဘာ ၇**

ဖွံ့ဖြိုးပြီးနိုင်ငံများရှိကလေးငယ်များ ဆင်းရဲနွမ်းပါးသည့်အခြေအနေတွင် နေထိုင်ရမှုမှာ လျော့ကျလာသော်လည်း ကလေးပေါင်း ၆၉ သန်းကျော်မှာ ဆင်းရဲနွမ်းပါးသည့်အခြေအနေတွင် နေထိုင်နေရဆဲဖြစ်သည်ဟု ကုလသမဂ္ဂအစီရင်ခံစာတွင် ဖော်ပြထားသည်။ ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများနှင့် စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့အစည်းတို့၏ အဖွဲ့ဝင်နိုင်ငံပေါင်း ၄၃ နိုင်ငံမှ ကလေးများ၏ ဆင်းရဲနွမ်းပါးမှုအခြေအနေကို ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့က ဒီဇင်ဘာ ၆ ရက်တွင် အစီရင်ခံစာ ထုတ်ပြန်ခဲ့သည်။

၂၀၁၄ ခုနှစ်မှ ၂၀၂၁ ခုနှစ်ကြား ကလေးငယ်များ ဆင်းရဲနွမ်းပါးမှုနှုန်းမှာ ၈ ရာခိုင်နှုန်း ကျဆင်းသွားသည်ဟု ဖော်ပြထားသည်။ ယင်းသို့ လျော့ကျရခြင်းမှာ စီးပွားရေးတည်ငြိမ်မှုနှင့် ဥရောပ၌ အနိမ့်ဆုံးလုပ်ခလစာတိုးမြှင့်မှုတို့ကြောင့်ဖြစ်သည်။ သို့သော်လည်း ၆၉ သန်းကျော်သော ကလေးများမှာ ၂၀၂၁ ခုနှစ် နှစ်ကုန်ပိုင်းတွင် အမျိုးသားပျမ်းမျှဝင်ငွေ ၆၀ ရာခိုင်နှုန်းထက်နည်းပါးသော ဝင်ငွေရှိသည့်မိသားစုများတွင် နေထိုင်နေရသည်။ ဂျပန်နိုင်ငံတွင်လည်း ကလေးဆင်းရဲမှုနှုန်းမှာ ၂၀၁၂ ခုနှစ်မှ ၂၀၁၄ ခုနှစ်အထိ ၁၈ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ပြီး ၂၀၁၄ ခုနှစ်မှ ၂၀၁၉ ခုနှစ်အထိ ၁၄ ဒသမ ၈ ရာခိုင်နှုန်း ကျဆင်းခဲ့သည်။ **အင်န်အိတ်ချ်ကေ**

# နစ်ဆန်း၊ ရီနော့ နှင့်မစ်ဆူဘီရှိ ကုမ္ပဏီတို့ ဆက်လက် လက်တွဲဆောင်ရွက်သွားမည်

**ပါရီ ဒီဇင်ဘာ ၇**

ကားကုမ္ပဏီကြီးများဖြစ်သည့် နစ်ဆန်း၊ ရီနော့ နှင့်မစ်ဆူဘီရှိကုမ္ပဏီတို့မှ အကြီးအကဲများသည် ၎င်းတို့၏ လက်တွဲဆောင်ရွက်မှု ဆက်လက်တည်ရှိနေမည်ဟု ပြောကြားခဲ့သည်။

သတင်းစာရှင်းလင်းပွဲတွင် အပြန်အလှန်ကတိကဝတ်ပြုမှုများကို အလေးအနက်ထား ပြောကြားခဲ့ကြပြီး လျှပ်စစ်ကားထုတ်လုပ်မှုတွင် ယှဉ်ပြိုင်နိုင်စွမ်းတိုးလာစေရန် အတူတကွ လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဇူလိုင်လအတွင်းက နစ်ဆန်းနှင့် ရီနော့ကုမ္ပဏီတို့သည် တစ်ဦးနှင့်တစ်ဦး အစုရှယ်ယာများပိုင်ဆိုင်မှု အပြီးသတ်နိုင်ခဲ့ပြီးနောက် ပါရီမြို့တွင် ပထမဦးဆုံးကျင်းပသည့် သတင်းစာရှင်းလင်းပွဲလည်း ဖြစ်သည်။

မော်တော်ကားထုတ်လုပ်ရေးလုပ်ငန်းတွင် အတားအဆီးများကို အတူဖြတ်ကျော်ပြီး ပိုမိုခိုင်မာသည့်အနေအထားတစ်ခုသို့ ဝင်ရောက်လာပြီဖြစ်ကြောင်း နစ်ဆန်းကုမ္ပဏီဥက္ကဋ္ဌနှင့် စီအီးအိုဖြစ်သူ အူချီဒါမာကိုတိုက ပြောသည်။

အိန္ဒိယ၌ လျှပ်စစ်ကားများထုတ်လုပ်ရာ၌ အတူတကွလုပ်ဆောင်ရန် စဉ်းစားလျက်ရှိကြောင်း ၎င်းက ဆက်ပြောသည်။ ရီနော့ကုမ္ပဏီ၏ လျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီသစ်ဖြစ်သည့် Ampere သည် နစ်ဆန်းနှင့်မစ်ဆူဘီရှိတို့အတွက် မော်ဒယ်အသစ်များ ထုတ်လုပ်ပေးမည်ဖြစ်သည်။



ရီနော့ကားတစ်စီးကို တွေ့ရစဉ်။

နစ်ဆန်းကုမ္ပဏီသည် Ampere တွင် ယူရိုသန်း ၆၀၀ ရင်းနှီးမြှုပ်နှံမည်ဖြစ်ပြီး မစ်ဆူဘီရှိကုမ္ပဏီသည်လည်း ယူရိုသန်း ၂၀၀ ရင်းနှီးမြှုပ်နှံသွားရန် စီစဉ်ထားကြောင်းသိရသည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန်နိုင်ငံ၌ ပိုလီယိုရောဂါကင်းစင်ရေး ကြိုးပမ်းမှုအရှိန်မြှင့်တင်မည်

**အစ္စလာမ္မာဘတ် ဒီဇင်ဘာ ၇**

ပါကစ္စတန်အစိုးရသည် ပိုလီယိုရောဂါကင်းစင်ရေးနှင့် ပုံမှန်ပိုလီယိုရောဂါကာကွယ်ဆေးများထိုးနှံပေးရေးအတွက် အရှိန်မြှင့်တင်သွားမည်ဟု ပါကစ္စတန်ဝန်ကြီးချုပ် အန်ဝါအူဟာ ကာကာ ဒီဇင်ဘာ ၆ ရက် ကပြောသည်။

ကမ္ဘာပေါ်တွင် အမြစ်ပြတ်ချေမှုန်းနိုင်ပြီဖြစ်သည့် ပိုလီယိုရောဂါမှာ ပါကစ္စတန်နိုင်ငံတွင် ဆက်လက်ဖြစ်ပွားနေဆဲဖြစ်ပြီး မကြာသေးမီက ပေါ်ပေါက်ခဲ့သည့် ရောဂါသည်တွေ့ရှိမှုမှာ စိုးရိမ်စရာအခြေအနေပင်ဖြစ်သည်ဟု ပိုလီယိုတိုက်ဖျက်ရေးလုပ်ငန်းအစည်းအဝေးတွင် ပါကစ္စတန်ဝန်ကြီးချုပ်က ပြောသည်။


နိုင်ငံအတွင်း ရောဂါဖြစ်ပွားနိုင်ခြေမြင့်မားသည့်နေရာများတွင် ပိုလီယိုကင်းစင်ရေးအစီအစဉ်များနှင့် ပေါင်းစပ်အစီအစဉ်များကို စတင်လုပ်ဆောင်နေပြီး ခေတ်မီနည်းပညာများအသုံးပြုကာ ပိုလီယိုကာကွယ်ဆေးထိုးနှံမှုများကို စောင့်ကြည့်သွားမည်ဟုလည်း ၎င်းက ဆက်လက်ပြောကြားခဲ့သည်။

**ဆင်ဟွာ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းမှု၊ အကြမ်းဖက်သမားများနှင့် အကြမ်းဖက်အားပေး ပြည်ဖျက်မီဒီယာများမှ ကောလာဟလ သတင်းတု၊ သတင်းမှားများ အချိန်ကိုက် လှုံ့ဆော်ဝါဒဖြန့်နေမှုများ၊ ၇-၁၂-၂၀၂၃ ရက်နေ့ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် ထိတွေ့တိုက်ပွဲဖြစ်ပွားမှုအခြေအနေများ၊ အစိုးရအနေဖြင့် နိုင်ငံရေးရည်မှန်းချက်နှင့် အမျိုးသားရေးရည်မှန်းချက်များအပေါ် ရပ်တည်ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်ခဲ့တဲ့ ပုဂ္ဂိုလ်များကို ဂုဏ်ထူးဆောင်ဘွဲ့တွေ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းခဲ့ပါတယ်။ သူရဘွဲ့ရရှိတဲ့ပုဂ္ဂိုလ် လေးဦးအပါအဝင် စုစုပေါင်း ၁၄၇ ဦးဖြစ်ပါတယ်။ ဒီပုဂ္ဂိုလ်များဟာ စစ်ဘက်ဆိုင်ရာ ပုဂ္ဂိုလ်များသာမကဘဲ လုံခြုံရေးဆိုင်ရာတာဝန်ထမ်းဆောင်နေတဲ့ စစ်သည်များ၊ ရဲတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ နိုင်ငံ့ဝန်ထမ်းများနဲ့ နိုင်ငံတော်ရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်များကို ထမ်းဆောင်နေတဲ့ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ၊ သာမန်ပြည်သူလူထုများ ပါဝင်ပါတယ်။ ကျွန်တော်တို့နိုင်ငံအနေနဲ့ နိုင်ငံတော်ရဲ့လွတ်လပ်ရေးကြိုးပမ်းမှုကာလကတည်းက တပ်မတော်နဲ့ပြည်သူလက်တွဲပြီး လွတ်လပ်ရေးရရှိအောင် အသက်ပေါင်းများစွာ စတေးပြီး၊ ဘဝပေါင်းများစွာစတေးပြီး ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ လွတ်လပ်ရေးရပြီးနောက်ပိုင်းမှာလည်း ရန်ကုန်အစိုးရလို့ပဲ ကွက်ကွက်ကလေးခေါ်ရတဲ့ အင်းစိန်အထိတောင်မှပဲ သောင်းကျန်းသူများ လှုပ်ရှားစိုးမိုးနေတဲ့ နေရာကနေပြီး တပ်မတော်သားတွေ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေ၊ တာဝန်သိ ပြည်သူလူထုတွေပူးပေါင်းပြီး နိုင်ငံတော်လွတ်လပ်ရေးတည်တံ့ခိုင်မြဲအောင် ဆောင်ရွက်လာတာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ခဲ့လို့လည်း ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုတာ ယခုလက်ရှိမြေပုံပေါ်မှာရှိနေတဲ့အတိုင်း ရှိနေတာပဲဖြစ်ပါတယ်။ ခေတ်အဆက်ဆက် နိုင်ငံတော်ရဲ့ကာကွယ်ရေး၊ လုံခြုံရေးတာဝန်၊ ပြည်ထောင်စုမပြိုကွဲရေးတာဝန်ကို ထမ်းဆောင်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး ဒီနေ့ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်ခံရတဲ့ ပုဂ္ဂိုလ်များအားလုံးကို အသိအမှတ်ပြုဂုဏ်ယူပါကြောင်း လေးနက်စွာ ပြောကြားလိုပါတယ်။ နိုင်ငံတော်ရဲ့ကာကွယ်ရေးနဲ့ လုံခြုံရေးအတွက် အရာရှိ၊ စစ်သည်များ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်တပ်ဖွဲ့ဝင်များ ရွပ်ရွပ်ချွံချွံထမ်းဆောင်နေတဲ့အချိန်ကာလမှာ ကောလာဟလမျိုးစုံ ထုတ်လုပ်မှုဆိုတာကတော့ ရှိမှာပဲဖြစ်ပါတယ်။ အကြမ်းဖက်သမားများအနေနဲ့ကတော့ အကြမ်းဖက်သမားတွေရဲ့ လုပ်ရိုးလုပ်စဉ်သည် ပထမဦးစွာ ဘာကိုဆောင်ရွက်တာလဲဆိုရင် အကြမ်းဖက်မှုတစ်ခုကို ဖြစ်မြောက်အောင် လုပ်ပြလိုက်တာပဲ။ အကြမ်းဖက်မှုတစ်ခုကို ဖြစ်မြောက်အောင်လုပ်ပြီးရင် သူနဲ့ပင်းဖက်တဲ့ မီဒီယာတွေနဲ့ ပြီးရင် သူအကြမ်းဖက်လုပ်ခဲ့တာတွေကို ဝေဝေဆာဆာထုတ်ပြန်ပြီး လူထုရဲ့စိတ်ထဲမှာ အကြောက်တရား ဒါမှမဟုတ် လူထုရဲ့စိတ်ထဲမှာ ဂရုစိုက်မှုတစ်ခုရရှိလာအောင် သူကဆောင်ရွက်တာဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်မှုမျိုးတွေကို ဘယ်လိုမီဒီယာတွေ၊ ဘယ်လိုအဖွဲ့အစည်းတွေက ဆောင်ရွက်နေတယ်ဆိုတာ ပြည်သူများ လက်တွေ့မြင်နိုင်မှာဖြစ်ပါတယ်။ သူတို့ရဲ့ပြောဆိုနေတဲ့ ဒီမိုကရေစီဆိုတဲ့စကား၊ ဖက်ဒရယ်ဆိုတဲ့ စကားတွေဟာ သူတို့ရဲ့စိတ်ဓာတ်နဲ့ သူတို့ရဲ့ပါးစပ်နဲ့တောင်မှ မလိုက်ဘူးလို့ပဲ ပြောချင်ပါတယ်။

ဒီနေ့မှာဆိုလည်း ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ စစ်ဆင်ရေးတာဝန်ထမ်းဆောင်နေတဲ့ တပ်မှူးတစ်ယောက်ကို အသေရရှိတယ်ဆိုပြီး သတင်းလွှင့်နေတာရှိပါတယ်။ ကျွန်တော့်အနေနဲ့ ရှင်းရှင်းလင်းလင်းပြောချင်တာကတော့ သူတို့ပြောနေတဲ့ တပ်မှူးဆိုတာသည် ရှေ့တန်းမှာ စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်လျက်ရှိကြောင်း ပြောကြားလိုပါတယ်။ ဒီနေ့ဖြစ်စဉ်များနဲ့ ပတ်သက်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း)မှာ နန့်ခမ်းမှာ ထိတွေ့တိုက်ပွဲအနည်းငယ်ရှိပါတယ်။ လောက်ကိုင်ရဲ့အရှေ့တောင်ဘက်မှာ ထိတွေ့တိုက်ပွဲရှိပါတယ်။ လောက်ကိုင်ကို ရှေ့တိုက်ဒုံးနဲ့ပစ်တာတွေရှိပါတယ်။ ၁၀၅



မိုင်မှာလည်း ထိတွေ့တိုက်ပွဲရှိပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီးဘက်မှာတော့ တမူးအောင်ဇေယျစခန်းကို လာရောက်ပစ်ခတ်တာရှိပါတယ်။ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ ပူးပေါင်းတပ်ဖွဲ့ဝင်များအနေနဲ့ ရွပ်ရွပ်ချွံချွံခုခံချေမှုန်းခဲ့တာကြောင့် ရန်သူအနေနဲ့ ထိခိုက်ဒဏ်ရာရရှိမှုများ ရှိတယ်ဆိုတာသိရပါတယ်။ သူတို့သိမ်းပိုက်ထားတယ်လို့ ကြွေးကြော်နေတဲ့ ခမ်းပါတ်တစ်ဝိုက်မှာလည်း စစ်ဆင်ရေးဆောင်ရွက်မှုများ လုပ်ဆောင်လျက်ရှိပါတယ်။ အောင်မြင်မှုများရှိတယ်လို့ပဲ ကျွန်တော်ပြောချင်ပါတယ်။ ကျွန်တော်တို့ နိုင်ငံအနေနဲ့ တပ်မတော်သည် မြန်မာနိုင်ငံလွတ်လပ်ရေးမရခင်ကတည်းကတိုင် လွတ်လပ်ရေးသည် ပထမ၊ လွတ်လပ်ရေးသည် ဒုတိယ၊ လွတ်လပ်ရေးသည် တတိယဆိုပြီး Ideology မျိုးနဲ့ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ထမ်းဆောင်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ယခင်ကတည်းကတိုင် တိုင်းပြည်ရဲ့လိုအပ်ချက်အရပေါ်ပေါက်လာတဲ့ ဆိုရှယ်လစ်စနစ်တည်ထောင်ရေးမှာလည်း အမျိုးသားအကျိုးစီးပွားတစ်ရပ်အနေနဲ့ ဆောင်ရွက်ခဲ့တာဖြစ်ပါတယ်။ အဲဒီနောက်မှာတော့ ကျွန်တော်တို့နိုင်ငံရဲ့ နိုင်ငံရေးမည်သည့်အရောင်အသွေးမှမပါတဲ့၊ အမျိုးသားအကျိုးစီးပွားဖြစ်တဲ့ ဒို့တာဝန်အရေးသုံးပါးဖြစ်တဲ့ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးဆိုတဲ့ ရပ်တည်ချက်အပေါ်မှာပဲ ရပ်တည်ပြီး အမျိုးသားအကျိုးစီးပွားကို ဖော်ဆောင်နေတာဖြစ်ပါတယ်။ အခုအချိန်အထိလည်း ကျွန်တော်တို့အနေနဲ့ ဒို့တာဝန်အရေးသုံးပါးအပေါ်မှာရပ်တည်ပြီး ကာကွယ်စောင့်ရှောက်နေတာ ဖြစ်ပါတယ်။ ဒီလိုကာကွယ်စောင့်ရှောက်တဲ့နေရာမှာ ကျွန်တော်တို့အနေနဲ့ ဒီအချိန်မှာတော့ နိုင်ငံရေးရည်မှန်းချက်များ၊ အမျိုးသားရေးရည်မှန်းချက်များ ချမှတ်ပြီး ဆောင်ရွက်လျက်ရှိပါတယ်။ တပ်မတော်အစိုးရအနေနဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ပါတယ်။ ဒီမိုကရေစီနဲ့ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ပြည်ထောင်စုစနစ်ကို ခိုင်ခိုင်မာမာအာမခံထားပြီးဖြစ်ပါတယ်။


ဒီနေ့ နိုင်ငံတစ်ဝန်းလုံးမှာ အကြမ်းဖက်မှုများကို အားပေးလုပ်ဆောင်နေတဲ့ NUG ၊ PDF နဲ့ သူ့ရဲ့နောက်ကွယ်မှာရှိတဲ့ ဒီမိုကရေစီဆိုတဲ့ အမည်ခံထားတဲ့ နိုင်ငံကြီးများရဲ့လုပ်ဆောင်ချက်ပြန်ကြည့်ပါ။ မြန်မာနိုင်ငံမှာ အလုံးစုံပျက်သုဉ်းရေး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဆရာ၊ ဆရာမတွေ၊ ဘုန်းကြီးတွေ၊ ကျန်းမာရေးဝန်ထမ်းတွေကို သတ်ရုံမကဘဲ ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ်ကို တိုက်ရိုက်စော်ကားတာတွေ၊ ထိပါးတာတွေ ဆောင်ရွက်နေတာဖြစ်ပါတယ်။ ပြည်သူလူထုရဲ့ အခြေခံအဆောက်အဦတွေဖြစ်တဲ့ လမ်းတံတားတွေ၊ လျှပ်စစ်တာဝါတိုင်တွေ ဖျက်ဆီးနေတာကို တွေ့ရမှာဖြစ်ပါတယ်။ သူတို့အနေနဲ့ ကြွေးကြော်နေတာလည်း ဒီမိုကရေစီရရှိရေးဆိုတာမျိုး၊ ဖက်ဒရယ်ဆိုတဲ့ဟာမျိုး ကြွေးကြော်နေတာဖြစ်ပါတယ်။ ကျွန်တော် ဥပမာတစ်ခုပဲ ထုတ်ပြလိုပါတယ်။ ဒီလူတွေသည် မြန်မာနိုင်ငံမှာ အစိုးရ ၅ နှစ်လုပ်ခဲ့ဖူးပါတယ်။ သူတို့အနေနဲ့ ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲမှာ မဲမသမာမှုနဲ့ နိုင်ငံတော်အာဏာကို မတရားရယူလိုမှုကြောင့်သာ ဒီလူတွေသည် လက်နက်ကိုင်လမ်းစဉ်ရွေးပြီး တောထဲရောက်သွားတာဖြစ်ပါတယ်။ သူတို့အစိုးရဖြစ်တုန်းက မှတ်မှတ်ရရ ယခုနိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အနေနဲ့ တိုင်းဒေသကြီးနဲ့ပြည်နယ်မှာ ဝန်ကြီးချုပ်များ ခန့်အပ်ခြင်း၊ ဝန်ကြီးချုပ်များ ရွေးချယ်ခြင်း ပုဒ်မ ၂၆၁ နဲ့ပတ်သက်ပြီး ပြင်ဆင်နိုင်ဖို့အတွက် တရားဝင်ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံမှာ ပြောခဲ့ဖူးပါတယ်။ ပုဒ်မ ၂၆၁ ရဲ့အနှစ်သာရအရ သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လွှတ်တော်ကိုယ်စားလှယ်တွေထဲက လွှတ်တော်ကိုယ်စားလှယ်တစ်ဦးကို သမ္မတကခန့်ရတာဖြစ်ပါတယ်။ ရခိုင်ပြည်နယ်မှာ အဲဒီအချိန်တုန်းက ဒီကိစ္စနဲ့ပတ်သက်ပြီး ရခိုင်လွှတ်တော်က သူတို့ထောက်ခံတဲ့သူကို တင်ချင်ပါတယ်။ ဒါနဲ့ပတ်သက်ပြီး တပ်မတော်အနေနဲ့လည်း လွှတ်တော်ကနေ အများစုထောက်ခံတဲ့ လွှတ်တော်ကိုယ်စားလှယ်ကို ပြည်နယ်နဲ့တိုင်းဒေသကြီးဝန်ကြီးချုပ်အဖြစ် ခန့်အပ်ဖို့ စဉ်းစားသင့်တယ်လို့ ကျွန်တော်တို့ ပြောခဲ့ပါတယ်။ အဲဒီအချိန်တုန်းက အခု ဒီမိုကရေစီတို့၊ ဖက်ဒရယ်တို့ ကြွေးကြော်နေတဲ့သူများသည် အစိုးရဖြစ်ပါတယ်။ တုတ်တုတ်မှမလှုပ်ခဲ့ပါဘူး။ အဲဒီတော့ ကျွန်တော်ပြောချင်တာက တိုင်းရင်းသားများအနေနဲ့ တိုင်းရင်းသားများ၊ ပြည်သူလူထုများ အလိုရှိတဲ့ ပါတီစုံဒီမိုကရေစီစနစ်ကို တပ်မတော်အစိုးရက ဦးဆောင်ပြီးဖော်ဆောင်ပေးခဲ့တာဖြစ်ပါတယ်။ အခုအထိ ဒီစနစ်ကိုအာမခံပါတယ်လို့လည်း ပြောထားတာဖြစ်ပါတယ်။ တပ်မတော်အစိုးရသည် တပ်မတော်သည် ပါတီစုံဒီမိုကရေစီစနစ်ကို သံယောင်လိုက်နေတဲ့ အဖွဲ့အစည်းမဟုတ်ပါဘူး။ ဦးဆောင်တည်ထောင်ခဲ့တာဖြစ်သလို ဘယ်လိုဖြေလျှော့မှုတွေလုပ်ရမယ်။ တိုင်းရင်းသားတွေရဲ့ အခွင့်အရေးကို ဘယ်လိုဆောင်ရွက်ပေးနိုင်မယ်ဆိုတာ အမြဲတမ်းတွေးတောနေတာဖြစ်ပါတယ်။ ဒီဟာကို သံယောင်လိုက်နေတဲ့ အဖွဲ့များအနေနဲ့ ခုနကပြောတဲ့ ပုဒ်မ ၂၆၁ ကိုပြင်ပါဆိုတဲ့အချိန်မှာ ဘယ်သူမှ တုတ်တုတ်မလှုပ်တာကို အားလုံးက သတိရမိမယ်ထင်ပါတယ်။ ဒါကြောင့် ကျွန်တော်ပြောချင်တာက ကျွန်တော်တို့အနေနဲ့ ဒို့တာဝန်အရေးသုံးပါးကို အမြဲတမ်းကာကွယ်စောင့်ရှောက်လျက်ရှိပါတယ်။ ဒီလိုအမြဲတမ်းကာကွယ်စောင့်ရှောက်တဲ့နေရာမှာ အပြောနဲ့မဟုတ်ဘဲနဲ့လက်တွေ့အလုပ်နဲ့ ဆောင်ရွက်နေတာဖြစ်ပါတယ်။ အဲဒီတော့ အားလုံးသည် အပြောကိုပဲ ယုံကြမလား၊ လက်တွေ့အလုပ်ပေါ်မှာပဲ မူတည်ပြီး ဆုံးဖြတ်ကြမလားဆိုတာကို တွေးတောဖို့ အချိန်တန်ပြီလို့ပြောချင်ပါတယ်။ ကျွန်တော်တို့နိုင်ငံသည် လွတ်လပ်ရေးရပြီးကတည်းကတိုင် လက်နက်ကိုင်ပဋိပက္ခများနဲ့ ကြုံတွေ့ခဲ့ရပါတယ်။ လက်နက်ကိုင်ပဋိပက္ခများ အမြန်ချုပ်ငြိမ်းဖို့ဆိုတာသည် တပ်မတော်၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအပြင် ပြည်သူလူထုရဲ့ ပူးပေါင်းဆောင်ရွက်မှု၊ ပါဝင်မှုအရေးကြီးပါတယ်။ ဒီလိုမျိုးဆောင်ရွက်မှသာလျှင် ကျွန်တော်တို့ရည်မှန်းထားတဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်တဲ့နိုင်ငံတော်ကြီး ဖြစ်လာမှာဖြစ်တဲ့အတွက်ကြောင့် ယနေ့ကျွန်တော်တို့နိုင်ငံမှာ တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးလုပ်ငန်းများမှာ ပြည်သူလူထုတစ်ရပ်လုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြဖို့ တိုင်းရင်းသားအဖွဲ့အစည်းများအားလုံးက ဝိုင်းဝန်းပူးပေါင်းကူညီဆောင်ရွက်ကြဖို့ လိုအပ်ပါကြောင်း ပြောကြားလိုပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

# နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင် အလှူရှင်ပြည်သူများက ဒံပေါက်ထမင်းဘူးများ ပေးအပ်လှူဒါန်း

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံထမ်းဆောင်လျက်ရှိသော လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် စေတနာရှင်အလှူရှင် ပြည်သူများက အလှူငွေများ ပေးအပ်လှူဒါန်းလျက်ရှိသည့်အပြင် စားသောက်ဖွယ်ရာများကိုလည်း ပေးပို့လှူဒါန်းလျက်ရှိသည်။

ယနေ့တွင်လည်း စေတနာရှင်အလှူရှင် ပြည်သူများက အရှေ့မြောက်တိုင်း စစ်ဌာနချုပ်နယ်မြေအတွင်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များ ထမ်းဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအတွက် ဒံပေါက်ထမင်းဘူးများကို ပေးအပ်လှူဒါန်းကြရာ တာဝန်ရှိသူများက လက်ခံရယူပြီး လားရှိုးမြို့မှတစ်ဆင့် တပ်မတော်မော်တော်ယာဉ်များ၊ ရဟတ်ယာဉ်များဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ လက်ဝယ်အရောက် လိုက်လံပို့ဆောင်ပေးကြသည်။



စေတနာရှင်ပြည်သူများ လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများနှင့်အတူ ရဟန်းသံဃာများနှင့် ပြည်သူများက ရေးသားပေးပို့သည့် "နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေများနဲ့ အမျိုးဘာသာ သာသနာတော်ကို စောင့်ရှောက်နေတဲ့ တပ်မတော်သားများ ဘေးအပေါင်း ရန်အပေါင်းကို နှိမ်နင်းအောင်မြင်ကြပါစေ၊ တိုင်းပြည်ရန်စွယ်ဟူသမျှကို အမြစ်ပါမကျန် ချေမှုန်းနိုင်ကြပါစေ" စသည့် ဆုတောင်းမေတ္တာစာလွှာများပါရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



---

## ဆေးပင်စင်ယူထားသည့် တပ်မတော်သား ၅၀ ဦးထက်မနည်းကို တိုက်ပွဲဖြစ်ပွားရာ ဒေသများသို့စေလွှတ်ရန် တပ်မှပြန်လည်ခေါ်ဆောင်ဟု တရားမဝင်ပြည်ဖျက်မီဒီယာ Ayeyarwaddy Times မှ ကောလာဟလ သတင်းအမှားများ ရေးသားဖြန့်ဝေ




**နေပြည်တော် ဒီဇင်ဘာ ၇**

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတ ဟိုင်းကြီးကျွန်းမြို့အနီး ကျေးရွာများတွင် ဆေးပင်စင်ယူထားသည့်တပ်မတော်မှ အငြိမ်းစား ၅၀ ဦးထက်မနည်းကို လက်ရှိတိုက်ပွဲဖြစ်ပွားရာဒေသများသို့ စေလွှတ်ရန် ဒီဇင်ဘာ ၄ ရက်က ပမ္မဝတီရေတပ်မှ စစ်ကားများဖြင့် ခေါ်ဆောင်သွားကြောင်း မျက်မြင်တွေ့ရှိရသည့် ကျေးရွာဒေသခံများထံက သိရကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများမှ လူမှုကွန်ရက်စာမျက်နှာများတွင် လုပ်ကြံသတင်းတု၊ သတင်းအမှားများဖြန့်ဝေ ရေးသားလျက်ရှိပြီး အဆိုပါကျေးရွာများသို့ မည်သည့်တပ်မတော်သုံးမော်တော်ယာဉ်မျှ လာရောက်ခဲ့ခြင်းနှင့် ခေါ်ဆောင်သွားခြင်း လုံးဝမရှိကြောင်းနှင့် ပြည်သူများ အထင်အမြင်လွဲမှားစေရန် ရည်ရွယ်၍ လိမ်လည်ရေးသားဖြန့်ဝေခြင်းသာဖြစ်ကြောင်း သိရှိရသည်။

**သတင်းစဉ်**

## နယ်စပ်ဒေသများတွင် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေသူများအား ဥပဒေနှင့်အညီဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဆက်လက်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဒီဇင်ဘာ ၇**

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများ အပါအဝင် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးကို အလေးထား ဆောင်ရွက်လျက်ရှိပြီး အချို့သော ပြည်ပနိုင်ငံသားများအနေဖြင့် နယ်စပ်ဒေသများမှတစ်ဆင့် မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်လျက်ရှိကြောင်း သိရှိရသည့်အတွက် အုပ်ချုပ်ရေးအဖွဲ့အစည်းများမှ လိုအပ်သည့် စိစစ်မှုများ ပြုလုပ်ကာ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရေး သက်ဆိုင်ရာနိုင်ငံများသို့ ပြန်လည်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ လွှဲပြောင်းပေးအပ်ခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရုတ်နိုင်ငံသား အမျိုးသား ၇၁ ဦး၊ အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၇၉ ဦးကို စိစစ်ဖော်ထုတ်ရရှိခဲ့ပြီး ထပ်မံလွှဲပြောင်း ပေးနိုင်ခဲ့ခြင်းကြောင့် ၂၀၂၃ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှ ဒီဇင်ဘာ ၇ ရက်အထိ တရုတ်နိုင်ငံသား အမျိုးသား ၁၀၁၀၁ ဦး၊ အမျိုးသမီး ၁၂၃၈ ဦး စုစုပေါင်း ၁၁၃၃၉ ဦးတို့ကို ဖော်ထုတ်ရရှိခဲ့ပြီး ဥပဒေနှင့်အညီ လိုအပ်သည့် စိစစ်ခြင်းများ ဆောင်ရွက်ခဲ့ကာ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ တာဝန်ရှိသူများထံသို့ စနစ်တကျ ပြန်လည်လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်နိုင်ခဲ့သည်။

နိုင်ငံတော် အစိုးရအနေဖြင့် နယ်စပ်ဒေသများမှ တရားမဝင် ဝင်ရောက် နေထိုင်လျက်ရှိသည့် ပြည်ပနိုင်ငံသားများအား စိစစ်ဖော်ထုတ်ခြင်းနှင့် ပြန်လည်လွှဲပြောင်းခြင်း လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

---

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဒီဇင်ဘာ ၇**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH ၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့် သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၆ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Aoak Kyaw" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် အမှတ်(၁၃) ရပ်ကွက်နေ အေးပ်ကျော်အား နံနက် ၈ နာရီခွဲတွင်လည်းကောင်း၊ "Nilar Aung" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရခိုင်ပြည်နယ် အမ်းမြို့နယ် ဈေးတောင်ရပ်ကွက်နေ တင်နီလာအောင်(ခ)မီးငယ်အား မွန်းလွဲ ၃ နာရီ ၄၅ မိနစ်တွင်လည်းကောင်း သက်ဆိုင်ရာရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

---

◆ *ကျောဖုံးမှ*

ပွဲစဉ် (၂) ကို ဒီဇင်ဘာ ၈ ရက် **(ယနေ့)** ဆက်လက်ကျင်းပမည်ဖြစ်ပြီး နံနက် ၉ နာရီတွင် YRG အသင်းနှင့် Divine အသင်း၊ နံနက် ၁၀ နာရီခွဲတွင် Burmese Bees အသင်းနှင့် ရွှေပြည်သာအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ညီမြတ်သော်တာ၊ ဓာတ်ပုံ-MFF**

## နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်

**နေပြည်တော် ဒီဇင်ဘာ ၇** – နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးအနည်းငယ် ထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက် ထစ်ချုန်းရွာမည်။ **မိုး/ဇလ**

# ရှမ်းပြည်နယ်၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**တောင်ကြီး ဒီဇင်ဘာ ၇**

(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် သဝဏ်လွှာ ဖတ်ကြားခြင်းနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ် တောင်ကြီးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားကို တောင်ကြီးမြို့ အထက(၇) ကျောင်းသား ကျောင်းသူလေးများက ဇာတိမာန် သီချင်းသီဆို ဖွင့်လှစ်ပေးပြီး ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် အထက(၁) တောင်ကြီး၊ အထက(၄) တောင်ကြီးနှင့် အထက(၇) တောင်ကြီးတို့အတွက် ပြည်နယ်ဝန်ကြီးချုပ်က ချီးမြှင့်သည့် ဂုဏ်ပြုချီးမြှင့်ငွေများကို တောင်ကြီးတက္ကသိုလ်ပါမောက္ခချုပ်က ပေးအပ်ခဲ့ပြီး အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက မြန်မာ့ကျောင်းတေးသီချင်းဖြင့် သီဆိုဖျော်ဖြေ၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ **စိုင်းအယ်ဘဲ**



# မော်လမြိုင်မြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ

**မော်လမြိုင် ဒီဇင်ဘာ ၇**

ပြည်ထောင်စုငြိမ်းချမ်းရေးမှသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆီသို့ ဆောင်ပုဒ်နှင့်အညီ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက်ပိုင်းက မော်လမြိုင်မြို့ ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။

ဦးစွာ အမှတ်(၆) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဇာတိမာန် တေးသီချင်းဖြင့် အခမ်းအနားဖွင့်လှစ်ပြီးနောက် ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာကို ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအား လည်းကောင်း**(အပေါ်ပုံ)**၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ် ဦးညီညီစိုးက ကဗျာပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ကျော်စွာမြင့်က ပန်းချီပြိုင်ပွဲတွင် ဆုရရှိသော ကျောင်းသား ကျောင်းသူများအားလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြကြောင်း သိရသည်။

**သက်နိုင်(မော်လမြိုင်)**



# ထားဝယ်မြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားကျင်းပ



**ထားဝယ် ဒီဇင်ဘာ ၇**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့တွင် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းက အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်း ပညာ့ဗိမာန်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ပေးပို့သည့် သဝဏ်လွှာကို တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကိုက ဖတ်ကြားသည်။ **(ယာပုံ)**

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်နှင့် မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဆုချီးမြှင့်ကြကြောင်း သိရသည်။

**တိုင်းဒေသကြီး (ပြန်/ဆက်)**

# ပဲခူးမြို့၌ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနား ကျင်းပ

**ပဲခူး ဒီဇင်ဘာ ၇**

(၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အား ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ပဲခူးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် ဇနီးတို့ တက်ရောက်ကြသည်။

ရှေးဦးစွာ ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "ဇာတိမာန်"သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သည့် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို ဖတ်ကြားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံးနှင့် ကဗျာပြိုင်ပွဲတို့တွင် ပထမဆုရရှိကြသည့် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း**(ယာပုံ)**၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ပန်းချီပြိုင်ပွဲတွင် ပထမဆုရရှိသူနှင့် စာစီစာကုံး ဒုတိယဆုရရှိသူများကို ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများကိုလည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီးတရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးနှင့် စီးပွားရေးရာဝန်ကြီးတို့က စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲတို့တွင် ဒုတိယဆုနှင့် တတိယဆုရရှိသူများအား ဂုဏ်ပြုမှတ်တမ်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်သည်။ ယင်းနောက် ပဲခူးမြို့ အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။



ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆုရကျောင်းသား ကျောင်းသူများနှင့် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး အခမ်းအနား တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများကျင်းပမှု မြင်ကွင်းဓာတ်ပုံများ

နိုင်ငံတစ်ဝန်းရှိမြို့နယ်များ၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အခမ်းအနားများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာဖတ်ကြားပွဲများကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက ကျင်းပဆောင်ရွက်နေမှု မြင်ကွင်းဓာတ်ပုံများ။



သံဖြူဇရပ်မြို့နယ်တွင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မိုးလွင် သဝဏ်လွှာဖတ်ကြားသည်။ မြို့နယ်(ပြန်/ဆက်)



တာချီလိတ်မြို့၌ အထက(ဆန်ဆိုင်း) ကျောင်းခန်းမ၌ ယနေ့နံနက် ၉ နာရီက (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် နံရံကပ်စာစောင်နှင့်စာအုပ်စာစောင်များပြပွဲကျင်းပရာကျောင်းသား ကျောင်းသူများ စိတ်ပါဝင်စားစွာလေ့လာကြစဉ်။ ခရိုင်(ပြန်/ဆက်)



ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ခွဲ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ဥက္ကဋ္ဌ ဦးရဲနိုင် (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲ ဆုရရှိသည့် ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ အောင်ဇင်မြင့်(ပြန်/ဆက်)




(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ်အဖြစ် အခြေခံပညာအထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသူတစ်ဦးအား တပ်ကုန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးညီညီထွေး ဆုချီးမြှင့်စဉ်။ တင်စိုးလွင်



(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် စာစီစာကုံး ပြိုင်ပွဲ၊ ပန်းချီပြိုင်ပွဲ၊ ကာတွန်းပြိုင်ပွဲဆုရရှိသည့် ကျောင်းသူတစ်ဦးကို ရန်ကင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမင်းမင်းလတ် ဆုချီးမြှင့်စဉ်။ လှလှထွေး(ပြန်/ဆက်)



(၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် ဆေးရောင်ခြယ်၊ ပန်းချီ၊ စကားပုံဆက်၊ ဉာဏ်စမ်းပဟေဠိပြိုင်ပွဲနှင့် ဆုချီးမြှင့်ပေးအပ်ပွဲကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပစဉ်။ ခရိုင်(ပြန်/ဆက်)



မြဝတီမြို့၌ (၁၀၃)နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်ဝင်းက သဝဏ်လွှာ ဖတ်ကြားပြီး ကျောင်းသား ကျောင်းသူများက ဇာတိမာန်တေးသီချင်းသီဆို၍ အခမ်းအနားကို ဖွင့်လှစ်စဉ်။ ဇာဖြူဝင်း(ပြန်/ဆက်)



(၁၀၃)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းက မုံရွာမြို့ အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း သလ္လာဝတီခန်းမ၌ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး ပညာရေးမှူး ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးတင်လှိုင် သဝဏ်လွှာ ဖတ်ကြားစဉ်။ ခရိုင်(ပြန်/ဆက်)

(၁၀၃)နှစ်မြောက် အမျိုးသား အောင်ပွဲနေ့ အထိမ်းအမှတ် အခြေခံပညာအဆင့် စာစီစာကုံး၊ ကဗျာနှင့် ပန်းချီပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသည့် တာမွေမြို့နယ်မှ ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ နိုင်လင်းအောင်(တာမွေ)



# (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အခမ်းအနား အထက(၂)ဒဂုံ၌ ကျင်းပ

**ရန်ကုန် ဒီဇင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက အထက (၂) ဒဂုံ ဦးဘလွင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြို့မကျောင်းသား ကျောင်းသူဟောင်းများ၏ နာယကများ၊ အကြံပေးပုဂ္ဂိုလ်များ၊ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး သတိုးမဟာသရေစည်သူ သတိုးသီရိသုဓမ္မ မင်းအောင်လှိုင်ထံမှ ပေးပို့သော (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့ သဝဏ်လွှာကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဖတ်ကြားသည်။ **(ယာပုံ)** ဆက်လက်၍ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့နှင့်ပတ်သက်၍ အထက(၂) ဒဂုံ(မြို့မ) ကျောင်း၏ ကျောင်းအကျိုးတော်ဆောင်နာယက ဗိုလ်ချုပ်စိန်ထွား(ငြိမ်း) က ရှင်းလင်းပြောကြားသည်။

ထို့နောက် (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့အထိမ်းအမှတ် အခြေခံပညာ အထက်တန်းအဆင့်၊ အလယ်တန်းအဆင့်၊ မူလတန်းအဆင့် စာစီစာကုံးပြိုင်ပွဲမှ ပထမ၊ ဒုတိယ၊ တတိယ ရရှိကြသော ကျောင်းသား ကျောင်းသူများကို ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် မြို့မကျောင်းသားဟောင်းမှ တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။



ထို့အတူ (၁၀၃) နှစ်မြောက် အမျိုးသားအောင်ပွဲနေ့တွင် အထက(၂)ဒဂုံမြို့မကျောင်းသား ကျောင်းသူဟောင်းများက ဆရာတော်သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်ခြင်း၊ စတုဒိသာ ကျွေးမွေးခြင်း ပြုလုပ်ခဲ့ကြကြောင်း သိရသည်။

**အာကာလင်း၊ ဓာတ်ပုံ-တင်စိုး**

## ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခရစ္စမတ်ပွဲတော် ကျင်းပရေး ညှိနှိုင်းဆွေးနွေး

**မြစ်ကြီးနား ဒီဇင်ဘာ ၇**

ကချင်ပြည်နယ်အစိုးရအဖွဲ့၏ ခရစ္စမတ်ပွဲတော်ကျင်းပနိုင်ရေးအတွက် ပြည်နယ်အစိုးရအဖွဲ့နှင့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဒီဇင်ဘာ ၅ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် တက်ရောက်အမှာစကား ပြောကြားသည်။ (ဝဲပုံ)



အစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်ပွဲတော်သည် တစ်ကမ္ဘာလုံးတွင် ကျင်းပပြုလုပ်လေ့ရှိသည့် ပွဲတော်တစ်ခုဖြစ်ကြောင်း၊ ယခုနှစ် ခရစ္စမတ်ပွဲတော်ကို မိသားစုပွဲတော်တစ်ခုအဖြစ် ပျော်ရွှင်စွာ၊ ကြည်နူးနွေးထွေးစွာ ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း၊ သို့ဖြစ်ပါ၍ ဦးစီးကော်မတီနှင့် ဆပ်ကော်မတီအသီးသီး ဖွဲ့စည်းတာဝန်ပေးအပ်ထားပြီးဖြစ်ရာ လုပ်ငန်းတာဝန်များကို အချင်းချင်း ပူးပေါင်းညှိနှိုင်းချိတ်ဆက်ပြီး ပျော်ပျော်ရွှင်ရွှင်ဖြင့် အောင်မြင်အောင် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်နိုင်က ခရစ္စမတ်ပွဲတော် ကျင်းပနိုင်ရေး ဦးစီးကော်မတီနှင့် ဆပ်ကော်မတီများ ဖွဲ့စည်းတာဝန်ပေးအပ်ထားရှိမှု အခြေအနေများကို ဖတ်ကြားရှင်းလင်းတင်ပြပြီး တက်ရောက်လာသည့် ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများက ပွဲတော်ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားရမည့် ကိစ္စရပ်များ၊ လိုအပ်ချက်များနှင့် ယခင်နှစ်ကျင်းပပြုလုပ်ခဲ့သည့် အားနည်းချက်၊ အားသာချက်များအပေါ် ပြုပြင်ဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ပြည်နယ်အစိုးရအဖွဲ့ဝင်များက လိုအပ်ချက်များအပေါ် သုံးသပ်ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က ခရစ္စမတ်ပွဲတော်ဖြစ်သည်နှင့်အညီ ပျော်ရွှင်ခြင်း၊ ငြိမ်းချမ်းခြင်းဖြင့် မိသားစုပုံစံ နွေးထွေးပျော်ရွှင်စွာ ကျင်းပနိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **ပြည်နယ်(ပြန်/ဆက်)**

## မြန်မာ-ထိုင်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်သွားရန် ဆွေးနွေး

**တာချီလိတ် ဒီဇင်ဘာ ၇**

စတုတ္ထအကြိမ်မြောက် မြန်မာ-ထိုင်း (တာချီလိတ်-မယ်ဆိုင်) နယ်စပ်ဆက်ဆံရေးရုံး အစည်းအဝေးကို နှစ်နိုင်ငံမှ တာဝန်ရှိသူများ တက်ရောက်၍ ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့ 1G1-11 ဟိုတယ် အစည်းအဝေးခန်းမ၌ ဒီဇင်ဘာ ၆ ရက်က ကျင်းပပြီး မြန်မာ-ထိုင်း နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေး နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားရန် အပါအဝင် အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြောင်း သိရသည်။

အစည်းအဝေးတွင် တာချီလိတ် နယ်စပ်ဆက်ဆံရေးရုံး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဇော်လင်းအောင်နှင့် မယ်ဆိုင်နယ်စပ်ဆက်ဆံရေးရုံး ဥက္ကဋ္ဌ မယ်ဆိုင်မြို့ ခရိုင်အုပ်ချုပ်ရေးမှူး Mr. Narongphon Kidan တို့က အမှာစကားပြောကြား၍ နှစ်နိုင်ငံကိုယ်စားလှယ်များ အပြန်အလှန်မိတ်ဆက်ကာ ထိုင်းနိုင်ငံသားများအား အရေးယူဆောင်ရွက်မှု၊ ထိုင်းနိုင်ငံသားတရားခံပြေးများ နယ်မြေအတွင်းစုံစမ်းမှုအခြေအနေများ၊ ထိုင်းနိုင်ငံသို့ တရားခံပြေးများ ပြန်လည်လွှဲပြောင်းပေးနိုင်မှုနှင့် ပြည်နှင်လွှဲပြောင်းပေးမှုအခြေအနေများ၊ နှစ်နိုင်ငံအကြောင်းကြားမှုအရ ကူညီစုံစမ်းပေးနိုင်မှု အခြေအနေများ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) နယ်စပ်ဒေသတွင် အကြမ်းဖက်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များကြောင့် ပြည်သူလူထုများ ဒုက္ခရောက်နေပြီး အကြမ်းဖက် သောင်းကျန်းသူများသည် ပြည်သူလူထုများနှင့် ရောနှောကာ မြန်မာနိုင်ငံဘက်မှ ထိုင်းနိုင်ငံဘက်သို့ လမ်းကြောင်းအမျိုးမျိုးမှ ဝင်ရောက်ရန်



ကြိုးစားနေသဖြင့် မြန်မာ-ထိုင်းနှစ်နိုင်ငံ လူဝင်/ထွက်မှုများအပေါ် စောင့်ကြည့်စစ်ဆေး ကြပ်မတ်ရမည်ဖြစ်ကြောင်းနှင့် မြန်မာ-ထိုင်း နယ်စပ်ဒေသတည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေမည့် မည်သည့် အကြမ်းဖက်ကိစ္စမျိုးမဆို တားဆီးနိုင်ရန် နှစ်နိုင်ငံလက်တွဲပူးပေါင်း ဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကာ နှစ်ဖက်ဆွေးနွေးချက်များအပေါ် နှစ်နိုင်ငံ ကိုယ်စားလှယ်များက မေးမြန်းဖြည့်စွက်ဆွေးနွေးကြသည်။

ထို့နောက် ပဉ္စမအကြိမ်မြောက် အစည်းအဝေးကျင်းပမည့် နေ့ရက်နှင့် နေရာကို လျာထားဆွေးနွေးကာ အမှတ်တရ လက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် စုပေါင်းမှတ်တမ်းဓာတ်ပုံရိုက်ကူးခြင်းများ ဆောင်ရွက်ခဲ့သည်။

အစည်းအဝေးသို့ မြန်မာနိုင်ငံမှ တာချီလိတ် နယ်စပ်ဆက်ဆံရေးရုံး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့်အတူ ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဇေယျ၊ ခရိုင်လူဝင်မှုကြီးကြပ်ရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးသန့်ဇင်တို့ ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များနှင့် ထိုင်းနိုင်ငံဘက်မှ မယ်ဆိုင်နယ်စပ်ဆက်ဆံရေးရုံးဥက္ကဋ္ဌ မယ်ဆိုင်မြို့ ခရိုင်အုပ်ချုပ်ရေးမှူး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ခရိုင် (ပြန်/ဆက်)**

## မိုးကုတ်မြို့နယ် အောင်မြေလာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကွင်းဆင်းကြည့်ရှုစစ်ဆေး

**မိုးကုတ် ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မိုးကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ယမန်နေ့က အောင်မြေလာကျေးရွာ၌ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး စီမံကိန်း (VDP) လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှု အခြေအနေကို ကွင်းဆင်းကြည့်ရှု စစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးကုတ်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးစီးမှူး ဦးမျိုးမြင့်အောင်နှင့် ဝန်ထမ်းများက အောင်မြေလာကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း(VDP) ထောက်ပံ့ ရန်ပုံငွေကျပ် ၁၅ သန်းနှင့် ပြည်သူလူထု ထည့်ဝင်ငွေဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် ရေတားတမံ (၂၅ ပေ၊ ၃ ပေ၊ ၅ ပေ)ကို လည်းကောင်း၊ ရေပိုက်လိုင်း သွယ်တန်းခြင်း ပေ ၁၀၀၀ ကို လည်းကောင်း၊ ရေစုကန်တည်ဆောက်ခြင်း (၁၅ ပေ၊ ၁၀ ပေ၊ ၆ ပေ)ကို လည်းကောင်း ဆောင်ရွက်နေမှု များကို ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ကွင်းဆင်းကြည့်ရှု စစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် အရေးကြီးသော အခြေခံအဆောက်အအုံ၊ ကျေးလက်လမ်းများ

------ ခန့်ဇော်(ကျေးလက်) ------

*(ဒီဇင်ဘာ ၄ ရက်မှအဆက်)*

**ပြောင်းလဲစဉ်းစားသင့်သည်များ**

၂၀၃၀ ပြည့်နှစ်တွင် ရာသီမရွေးသွားလာနိုင်သော ကျေးလက်လမ်းများ ဖောက်လုပ်ပြီးစီးရေးအတွက် မဟာဗျူဟာမြောက်ချဉ်းကပ်မှု မရှိမဖြစ်လိုအပ်သည်ဖြစ်ရာ တီထွင်ဆန်းသစ်သော အတွေးအခေါ်၊ လုပ်နည်းလုပ်ဟန်များကို သမားရိုးကျဘောင်အတွင်းမှ ဖောက်ထွက်စဉ်းစား၍ နည်းလမ်းအမျိုးမျိုးဖြင့် ဆောင်ရွက်သင့်ပါသည်။

**(က) ရင်းနှီးမြှုပ်နှံမှု (Investment)**

လမ်းတံတားများ၊ ဆက်စပ်လုပ်ငန်းများ အသစ်တည်ဆောက်ခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်းတို့အတွက် လုံလောက်သော ရန်ပုံငွေရရှိရန်နှင့် စနစ်တကျ ခွဲဝေသုံးစွဲရန် လိုအပ်ပါသည်။ နိုင်ငံတော်ဘဏ္ဍာငွေ တစ်ခုတည်းဖြင့် မလုံလောက်သည့်အတွက် ရန်ပုံငွေရရှိနိုင်မည့် နည်းလမ်းများကို ရှာဖွေဖော်ထုတ်ရမည်ဖြစ်သည်။

**(ခ) စီမံကိန်းရေးဆွဲခြင်း (Planning)**

ဒေသအလိုက်၊ မြို့နယ်အလိုက် တိကျသောလိုအပ်ချက်များနှင့် ပထဝီဝင်အနေအထားတို့ကို ထည့်သွင်းစဉ်းစားပြီး သတ်မှတ်စည်းမျဉ်းစည်းကမ်း၊ နည်းပညာအပါအဝင် ဦးစားပေးအစီအစဉ်၊ CRRN သတ်မှတ်ချက်တို့နှင့်အညီ စီမံကိန်း၊ စီမံချက်များ ရေးဆွဲသင့်ပါသည်။ ကဏ္ဍနှင့် ဒေသချိတ်ဆက်မှု၊ ညှိနှိုင်းမှု၊ ကဏ္ဍအချင်းချင်း ပေါင်းစပ်ဆောင်ရွက်မှုများ ကောင်းမွန်ရန် လိုအပ်ပါသည်။

**(ဂ) ကျေးလက်ပြည်သူ ပူးပေါင်းပါဝင်မှု (Collaboration Rural People)**

စီမံကိန်းများသည် ကျေးလက်ပြည်သူများ၏ လိုအပ်ချက်များနှင့် ကိုက်ညီမှုရှိစေရန် မြေနေရာရရှိမှုနှင့် ဆုံးဖြတ်ချက်ချခြင်း လုပ်ငန်းစဉ်များတွင် ဒေသခံပြည်သူများအား ပူးပေါင်းပါဝင်ခွင့် ပေးအပ်သင့်ပါသည်။

**(ဃ) R&D နှင့် နည်းပညာပေါင်းစပ်မှု (Technology Integration)**

ရေရှည်တည်တံ့၍ တာရှည်ခံမှုနှင့် ကုန်ကျစရိတ်သက်သာမှု ရှိစေရန် လမ်းသစ်များဖောက်လုပ်မှုနှင့် ပြုပြင်ထိန်းသိမ်းမှုတွင် Lab များ အဆင့်မြှင့်တင်ခြင်းနှင့် R&D များ ဆောင်ရွက်ခြင်း၊ ခေတ်မီနည်းပညာများ အသုံးပြုခြင်းတို့ကို ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။ လမ်းလုပ်ငန်းသုံးပစ္စည်းများ၊ မြေ၊ သဲ၊ ကျောက်၊ ဂဝံ၊ ရိစာ၊ ဒေသအလိုက် ရရှိနိုင်မှု၊ သတ်မှတ်စံချိန်စံညွှန်းပြည့်မီမှု ရှိ/မရှိတို့ကို သိရှိနိုင်ရန် သုတေသန(Research)ပြုလုပ်မှတ်တမ်းများထားရှိရန် လိုအပ်သကဲ့သို့ Lab များထားရှိပြီး စစ်ဆေးပေးရန်လည်း လိုအပ်ပါသည်။

ဒေသထွက်ပစ္စည်းများကို အသုံးပြုခြင်းဖြင့် သယ်ယူစရိတ်လျှော့ချနိုင်ပြီး ဒေသတွင်း လမ်းများပျက်စီးမှုကို ကာကွယ်နိုင်မည်ဖြစ်သဖြင့် လက်ရှိတွင် တတ်နိုင်သမျှ ဒေသထွက်ပစ္စည်းများကို သုံးစွဲနိုင်ရန် ၎င်းတို့၏ အရည်အသွေးအပေါ်မူတည်၍ ဒီဇိုင်းရေးဆွဲဆောင်ရွက်လျက်ရှိသည်။

ကမ်းရိုးတန်းဒေသ၊ တောင်ပေါ်ဒေသ၊ အပူပိုင်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသ စသည့် ဒေသအလိုက် ရာသီဥတုနှင့်ကိုက်ညီမည့် လမ်းဒီဇိုင်းများရေးဆွဲပြီး သုတေသနများ ဆောင်ရွက်လျက်ရှိသလို စဉ်ဆက်မပြတ်လည်း ဆက်လက်လုပ်ဆောင်သွားကြရမည် ဖြစ်သည်။ တိုးတက်ပြောင်းလဲနေသည့် နည်းပညာ၊ စက်ပစ္စည်းများကို လေ့လာသုံးစွဲခြင်းဖြင့် ဖောက်လုပ်သည့်လမ်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နှစ်စဉ်ပြန်လည်သုံးသပ်မှုများ လုပ်ဆောင်ပြီး ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲ ဆောင်ရွက်ကြရမည်ဖြစ်သည်။

**(င) အစိုးရ၊ ပြည်သူ၊ ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှု (Public-Private Partnership)**

စီမံကိန်းများ အချိန်မီပြီးစီးစေရေး၊ ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် အရင်းအမြစ်များ၊ ကျွမ်းကျင်မှုများနှင့် ဆန်းသစ်တီထွင်မှုများကို အသုံးချရန် ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်သင့်သည့်အပြင် လိုက်လျောညီထွေရှိမည့် မူဝါဒချမှတ်နိုင်ရေးအတွက်လည်း လေ့လာတင်ပြသင့်ပါသည်။

**(စ) ကျွမ်းကျင်မှုဖွံ့ဖြိုးတိုးတက်ရေး (Skill Development)**

တည်ဆောက်ရေးနှင့် ပြုပြင်ထိန်းသိမ်းရေးဆိုင်ရာ စွမ်းရည်များ ပြည့်ဝစေရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရန်နှင့် ဝန်ထမ်းများ၏ တစ်ဦးချင်းစွမ်းရည်၊ ပုဂ္ဂလိကကုမ္ပဏီများ၏ စွမ်းရည်၊ ရုံးအဆင့်ဆင့်၏ စွမ်းဆောင်ရည်များကို မြှင့်တင်ပေးရန် ဆောင်ရွက်သင့်ပါသည်။

**(ဆ) စောင့်ကြည့်စစ်ဆေးခြင်းနှင့် အကဲဖြတ်ခြင်း (Monitoring and Evaluation-M&E)**

တိုးတက်မှုများကို စောင့်ကြည့်စစ်ဆေးနေရန်၊ စိန်ခေါ်မှုနှင့် အဟန့်အတားများကို ဖော်ထုတ်အဖြေရှာရန်နှင့် ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်ပန်းတိုင် ပြည့်မီစေရန် ခိုင်မာသည့် စောင့်ကြည့်စစ်ဆေးရေးယန္တရားများထူထောင်ရန် လိုအပ်ပါသည်။ ၂၀၃၀ ပြည့်နှစ် ရည်မှန်းချက်၊ ကာလတို၊ ကာလလတ်နှင့် နှစ်ရှည်စီမံကိန်းများ၏ တိုးတက်မှုများကို စောင့်ကြည့်စစ်ဆေး၊ သုံးသပ်ဖော်ထုတ်နိုင်မည့် M&E စနစ် ထူထောင်ပြီး လစဉ်ကြီးကြပ်ဆောင်ရွက်ရမည်ဖြစ်သည်။ ကောင်းသည် ထက်ကောင်းအောင်၊ ပြည့်စုံသည်ထက်ပြည့်စုံအောင် စဉ်ဆက်မပြတ် ဆောင်ရွက်သွားကြရပါမည်။ မျှော်မှန်းချက်ပန်းတိုင်ပြောင်းရန် လိုအပ်လျှင်လည်း ပြောင်းလဲရန်၊ နည်းလမ်းပြောင်းရန် လိုအပ်ပါကလည်း ပြောင်းလဲဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါသည်။

**“ကမ်းရိုးတန်းဒေသ၊ တောင်ပေါ်ဒေသ၊ အပူပိုင်းဒေသ၊ မြစ်ဝကျွန်းပေါ်ဒေသ စသည့်ဒေသအလိုက် ရာသီဥတုနှင့်ကိုက်ညီမည့် လမ်းဒီဇိုင်းများရေးဆွဲပြီး သုတေသနများ ဆောင်ရွက်လျက်ရှိသလို စဉ်ဆက်မပြတ်လည်း ဆက်လက်လုပ်ဆောင်သွားကြရမည်ဖြစ်သည်။ တိုးတက်ပြောင်းလဲနေသည့် နည်းပညာ၊ စက်ပစ္စည်းများကို လေ့လာသုံးစွဲခြင်းဖြင့် ဖောက်လုပ်သည့်လမ်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။ နှစ်စဉ်ပြန်လည်သုံးသပ်မှုများ လုပ်ဆောင်ပြီး ပြုပြင်ပြောင်းလဲသင့်သည်များကို ပြုပြင်ပြောင်းလဲဆောင်ရွက်ကြရမည်ဖြစ်သည်”**

**(ဇ) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ထည့်သွင်းစဉ်းစားမှုများ (Environmental and Social Consideration)**

သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်အပေါ် ထိခိုက်မှုအနည်းဆုံးဖြစ်စေရန်၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေရှိသည့်(Eco-friendly)အလေ့အကျင့်ကောင်းများကို ဖော်ဆောင်ရန် လိုအပ်ပါသည်။

**(ဈ) စံသတ်မှတ်ချက်များ (Criteria)**

ကျေးလက်လမ်း/တံတားများ ရေရှည်တည်တံ့စေရန်၊ စီးပွားရေးတွက်ခြေကိုက်ရန်၊ Economy Design ဖြစ်ရန် စံသတ်မှတ်ချက်များ ချမှတ်လိုက်နာဆောင်ရွက်ရမည်ဖြစ်သည်။ လက်ရှိတွင်လည်း လိုက်နာဆောင်ရွက်လျက်ရှိပါသည်။

ကုန်ကျစရိတ်သက်သာစေရန်အတွက် ဒေသထွက်ကုန်များ အသုံးပြုနိုင်ရန် လုပ်ငန်းသုံးပစ္စည်းများ၏ အရည်အသွေးစံသတ်မှတ်သင့်ပြီး ဒေသရာသီဥတုအခြေအနေနှင့် အခြားသက်ရောက်မှုများကိုပါ ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ လမ်းကိုဖျက်သည်မှာ ရေဖြစ်၍ ရေတိုက်စားမှုနှင့် ရေလွှမ်းမိုးမှုမှကာကွယ်ရန် ရေနုတ်မြောင်းများ ထည့်သွင်းပြီး လမ်း၊ တံတားများ ရေရှည်ခံနိုင်အောင် ထိရောက်ကောင်းမွန်သော ဒီဇိုင်းများ ရေးဆွဲဆောင်ရွက်ရပါမည်။

**(ည) ဘေးကင်းလုံခြုံရေး (Safety)**

ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်တိုက်မှုဖြစ်နိုင်ခြေများ လျှော့ချရန်အတွက် လိုအပ်သည့်နေရာ၊ လိုအပ်သောအကာအရံများ၊ လမ်းညွှန်ဆိုင်းဘုတ်များ၊ လမ်းအမှတ်အသားများကို သတ်မှတ်ချက်အတိုင်း တည်ဆောက်ရေးနှင့်အတူ တစ်ပါတည်း ထည့်သွင်းဆောင်ရွက်သင့်ပါသည်။

**(ဋ) Feasibility Survey နှင့် Design စနစ်တကျဆောင်ရွက်သင့်**

လက်ရှိနှင့် အနာဂတ်ဖြစ်လာနိုင်ခြေ၊ ဖွံ့ဖြိုးတိုးတက်လာနိုင်ခြေ၊ ထုတ်ကုန်များ တိုးတက်လာနိုင်မှု၊ စီးပွားရေးဖွံ့ဖြိုးလာနိုင်မှု အလားအလာများကို ဖြစ်နိုင်ခြေဆန်းစစ်လေ့လာမှု (Feasibility Survey) သေချာလုပ်ပြီး အနာဂတ်အစီအစဉ်များကို စုစည်း၍ ဒီဇိုင်းလုပ်သင့်ပါသည်။

**(ဌ) ပြုပြင်ထိန်းသိမ်းရေး (Maintenance)**

နှစ်စဉ်ပြင်ဆင်ထိန်းသိမ်းရေးရန်ပုံငွေများ လျာထားဆောင်ရွက်ခြင်းဖြင့် ဒေသခံပြည်သူများအတွက် အလွယ်တကူရရှိနိုင်ပြီး ကုန်ကျစရိတ် သက်သာသောပစ္စည်းများကို အသုံးပြု၍ ပြုပြင်ထိန်းသိမ်းမှု လွယ်ကူစေမည့်အစီအစဉ်များ ရေးဆွဲထားရှိသင့်ပါသည်။

**အစိုးရ-ပြည်သူ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုပုံစံ (PPP Model)**

လက်ရှိအချိန်အထိ ကျေးလက်လမ်းများကို BOT စနစ်ဖြင့် ထိန်းသိမ်းမှုမရှိသေးပေ။ နိုင်ငံတော်မှ အသစ်တည်ဆောက်ခြင်း၊ ပြင်ဆင်ထိန်းသိမ်းခြင်းကို ၁၀၀ ရာခိုင်နှုန်း တာဝန်ယူနေရခြင်းကြောင့် ဖြစ်ပေါ်ရသည့် ရန်ပုံငွေမလုံလောက်မှု အခက်အခဲကို ကျော်ဖြတ်ရန် အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားသင့်ပါသည်-

(က) PPP Model ဆောင်ရွက်နိုင်ရန် စီမံကိန်းဖြစ်မြောက်နိုင်စွမ်း အလားအလာနှင့် မျှော်မှန်းထားသောရလဒ်များကို အကဲဖြတ်ရန် ဖြစ်နိုင်ခြေဆန်းစစ်မှုကို စေ့စေ့စပ်စပ်လေ့လာလုပ်ဆောင်ခြင်း၊

(ခ) ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုများကို ဆွဲဆောင်နိုင်မည့် အစီအစဉ်များ စဉ်းစားဆောင်ရွက်ခြင်း၊

(ဂ) PPP Model တွင် Risk Sharing အနေဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြား စွန့်စားရမှုများကို ရှင်းလင်းစွာ ခွဲဝေသတ်မှတ်ပြီး တည်ဆောက်ရေး လည်ပတ်ထိန်းသိမ်းမှုဆိုင်ရာများကို စဉ်းစားဆောင်ရွက်ခြင်း၊

(ဃ) ပုဂ္ဂလိကရင်းနှီးမြှုပ်နှံမှုကို ပိုမိုဆွဲဆောင်နိုင်စေရန်အတွက် အစိုးရပံ့ပိုးမှုအနေဖြင့် အခွန်သက်သာခွင့်ပေးခြင်း ကဲ့သို့သော အာမခံချက်များနှင့် ပံ့ပိုးမှုများ၊ ကူညီမှုမက်လုံးများ ပေးခြင်း၊

(င) ရင်းနှီးမြှုပ်နှံသူများ ရေရှည်အဆင်ပြေစေမည့် ဝင်ငွေရလမ်းကြောင်းတစ်ခုဖန်တီးနိုင်ရန် လမ်းတစ်လျှောက် လမ်းအသုံးပြုခကို တတ်နိုင်သည့်နှုန်းထားဖြင့် တောင်းခံစေခြင်းဖြင့် ဝင်ငွေဖော်ဆောင်ခြင်း (Revenue Generation) (Affordable Rate)နည်းလမ်းများကို ဆောင်ရွက်သင့်ခြင်း၊

(စ) Financing Model အသစ်များ စဉ်းစားခြင်းအနေဖြင့် Expression of Interest(EOI) ခေါ်ပြီး စိစစ်ရွေးချယ်ခြင်း၊ အကောင်အထည်ဖော်ရာတွင် ပုဂ္ဂလိကမှ ရန်ပုံငွေကျခံဆောင်ရွက်ခြင်း၊ သတ်မှတ်စည်းကမ်းချက်များ ချမှတ်ခြင်း၊ စာချုပ်ချုပ်ဆို ဆောင်ရွက်ခြင်းများကို စဉ်းစားနိုင်ပြီး စာချုပ်ပါစည်းကမ်းချက်များ ပြည့်မီစွာဆောင်ရွက်နိုင်ပါက သတ်မှတ်ချက်များနှင့်အညီ ရန်ပုံငွေလျာထားပေးချေခြင်းကိုလည်း စဉ်းစားဆောင်ရွက်သင့်ခြင်း၊ မူဝါဒခွင့်ပြုချက်ရရှိရန်လိုအပ်ပြီး Standard Operation Procedure(SOP) ရေးဆွဲထားရန် လိုအပ်ခြင်း၊

(ဆ) ပြည်သူပူးပေါင်းပါဝင်မှုအနေဖြင့် PPP Model တွင် ပြည်သူများကို စီမံကိန်းအကြောင်းနှင့် ထိန်းသိမ်းလိုက်နာရန် အချက်များ သိရှိစေပြီး ပါဝင်နိုင်သည့်နေရာမှ ပါဝင်စေခြင်း၊

(ဇ) Transparent Procurement အနေဖြင့် အရည်အသွေးပြည့်မီသော

*စာမျက်နှာ ၂၁ သို့*

# မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲများကျင်းပ

**နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်အတွက် အရည်အချင်းမြင့်မားသည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ထွန်းလာစေရေးနှင့် ဗလငါးတန်နှင့်ပြည့်စုံသည့် လူငယ်လူရွယ်များ ပေါ်ပေါက်လာစေရေးအတွက် ဘက်စုံထူးချွန် ကျောင်းသား ကျောင်းသူများ ရွေးချယ်လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိရာ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲများကို ဒီဇင်ဘာ ၆ ရက်မှစ၍ မြို့နယ်အသီးသီး၌ ကျင်းပဆောင်ရွက်နေမှုများကို စုစည်းဖော်ပြအပ်ပါသည်။**

### ပန်းတောင်း

၂၀၂၂-၂၀၂၃ ပညာသင်နှစ် မြို့နယ်အဆင့် အလယ်တန်း၊ အထက်တန်းအဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ပန်းတောင်းမြို့အခြေခံပညာအထက်တန်းကျောင်း၌ ဒီဇင်ဘာ ၅ ရက်က ကျင်းပသည်။

မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာဘာသာရပ်များ ရေးဖြေစစ်ဆေးမှုကို အထက်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၈ ဦး၊ အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၃၄ ဦးတို့ ဝင်ရောက်ဖြေဆိုကြသည်။ ဒီဇင်ဘာ ၆ ရက်တွင် အထွေထွေဗဟုသုတနှင့် လူတွေ့စစ်ဆေးခြင်း၊ ဒီဇင်ဘာ ၈ ရက်တွင် ကိုယ်ကာယကြံ့ခိုင်မှုနှင့် ယုံကြည်မှုစစ်ဆေးခြင်းများကို ဆောင်ရွက်သွားမည်ဖြစ်သည်။

**လပြည့်လင်း(ပြန်/ဆက်)**



### တောင်ငူ

တောင်ငူမြို့ အမှတ် (၄) အခြေခံပညာအထက်တန်းကျောင်း ရတနာပုံစာသင်ဆောင်၌ မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ဒီဇင်ဘာ ၅ ရက်က စတင်ကျင်းပရာ တောင်ငူမြို့နယ်ရှိ အခြေခံပညာကျောင်းများမှ Grade-9 ကျောင်းသား ကျောင်းသူ ၂၁ ဦး၊ Grade-10 ကျောင်းသား ကျောင်းသူ ၁၉ ဦး၊ Grade- 11 ကျောင်းသား ကျောင်းသူ ၁၈ ဦး၊ Grade- 12 ကျောင်းသား ကျောင်းသူ ၁၂ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၇၀ ဝင်ရောက်ဖြေဆိုလျက်ရှိပြီး မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတနှင့် ကိုယ်လက်ကြံ့ခိုင်ရေးတို့ကို ဒီဇင်ဘာ ၅ ရက်မှ ၈ ရက်အထိ ဖြေဆိုရမည်ဖြစ်ကြောင်း တောင်ငူမြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ဇော်ကိုကို (ပြန်/ဆက်)**

### မင်းဘူး

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ဒီဇင်ဘာ ၅ ရက်က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်း၌ ဖြေဆိုလျက်ရှိကြသည်။

ထိုကဲ့သို့ မြို့နယ်အဆင့်လူရည်ချွန်ရွေးချယ်ရေး စာမေးပွဲကို ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၇ ရက်အထိ သုံးရက် ဖြေဆိုမည်ဖြစ်ပြီး Grade 9၊ Grade 10၊ Grade 11 နှင့် Grade 12 မှ ကျောင်းသား ၄၀၊ ကျောင်းသူ ၄၁ ဦး စုစုပေါင်း ၈၁ ဦး ဝင်ရောက်ဖြေဆိုလျက်ရှိကြောင်း မြို့နယ်ပညာရေးမှူး ဒေါ်သွယ်သွယ်ထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

### ကျိုက်မရော

မွန်ပြည်နယ် ကျိုက်မရောမြို့နယ်တွင် မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်ရေးစာမေးပွဲကို ဒီဇင်ဘာ ၅ ရက်က အ.ထ.က ကျိုက်မရောကျောင်း၌ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် အခြေခံပညာအထက်တန်းနှင့် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူ ၄၈ ဦး ဝင်ရောက်ဖြေဆိုကြပြီး ဒီဇင်ဘာ ၆ ရက်တွင် သင်္ချာဘာသာနှင့် အထွေထွေဗဟုသုတဘာသာရပ်များကိုဖြေဆိုရမည်ဖြစ်ပြီး ဒီဇင်ဘာ ၈ ရက်တွင် ကိုယ်ကာယကြံ့ခိုင်မှုအားကစားနည်း ငါးမျိုးဖြေဆိုကြရမည်ဖြစ်ကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**မိချို (ပြန်/ဆက်)**

### ကျောက်ဆည်

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အဆင့် လူရည်ချွန်ရွေးချယ်နိုင်ရေး ရေးဖြေစာမေးပွဲကို ဒီဇင်ဘာ ၅ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပရာ အခြေခံ ပညာကျောင်း ၁၇ ကျောင်းမှ ကျောင်းသား ကျောင်းသူ ၁၀၁ ဦး ဝင်ရောက်ဖြေဆိုကြသည်။

**သက်မောင်(ကျောက်ဆည်)**



### ရွှေတောင်

ပဲခူးတိုင်းဒေသကြီး ရွှေတောင်မြို့နယ် အထက(ရွှေတောင်)ကျောင်းတွင် ဒီဇင်ဘာ ၅ ရက်က မြို့နယ်အဆင့် လူရည်ချွန်စိစစ်ရွေးချယ်ရေးစာမေးပွဲကျင်းပရာ မြို့နယ်အတွင်းရှိ အထက်တန်းကျောင်းများမှ ကျောင်းသား ၂၈ ဦး၊ ကျောင်းသူ ၂၉ ဦး စုစုပေါင်း ၅၇ ဦးဝင်ရောက်ဖြေဆိုကြကြောင်း မြို့နယ်ပညာရေးမှူးရုံးမှ သိရသည်။

**ကိုကိုမင်း (ပြန်/ဆက်)**

## သရက်မြို့နယ်ရှိ ရှမ်းရွာကြော - တောင်မြင့်လမ်းပိုင်းအား လမ်းအဆင့်မြှင့်တင်

**သရက် ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ဘတ်ဂျက်ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၈၀ ဒသမ ၁၃၁ သန်းဖြင့် သရက်မြို့နယ်အတွင်းရှိ ရွှေပန်းကိုင်းလမ်းမှ ရှမ်းရွာကြော-တောင်မြင့်လမ်း (၂/၂) မိုင်အား မြေသားတာပေါင် ချဲ့ခြင်းနှင့် ၁၈ ပေ အကျယ် ၈ လက်မထု မြေနီခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

သရက်မြို့နယ်အတွင်းရှိ ကျေးရွာသုံးရွာမှ အိမ်ခြေ ၂၅၂ အိမ်နှင့် လူဦးရေ ၁၀၂၉ ဦးတို့၏ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် ကုန်စည်စီးဆင်းမှုများ အဆင်ပြေစေရေးအတွက် အထောက်အကူပြုနိုင်မည့် အဆိုပါလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများကို တင်ဒါအောင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်လျက်ရှိရာ သရက်ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်ဇာလှိုင်သန်းနှင့် အဖွဲ့ဝင်များ သွားရောက်ကွင်းဆင်း စစ်ဆေးပြီး သတ်မှတ်ချိန်အတွင်း လုပ်ငန်းအားလုံးပြီးစီးနိုင်ရေး မှာကြားခဲ့ကြောင်း သိရသည်။



**မြို့နယ် (ပြန်/ဆက်)**

## ကံမမြို့နယ်၌ ဆောင်းရာသီစိုက်ပျိုးစရိတ် ထုတ်ချေး

**ကံမ ဒီဇင်ဘာ ၇**

မကွေးတိုင်းဒေသကြီး ကံမမြို့နယ်ရှိ ဆောင်းရာသီစိုက်ပျိုးထုတ်လုပ်သည့် တောင်သူများ အဆင်ပြေချောမွေ့စေရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ စိုက်ပျိုးစရိတ်ချေးငွေများကို မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၁၇ အုပ်စုမှ တောင်သူများအား ထုတ်ချေးပေးလျက်ရှိရာ ဒီဇင်ဘာ ၄ ရက်က ကျွန်းကလေးကျေးရွာအုပ်စုမှ တောင်သူ ၁၃၇ ဦးအား ချေးငွေထုတ်ချေးပေးသည်။

မြို့နယ် မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မှ ဆောင်းရာသီစိုက်ပျိုးစရိတ်ချေးငွေကျပ် သိန်းပေါင်း ၅၀၀၀ ကို ထုတ်ချေးပေးရန် လျာထားပြီး မြေပဲ၊ ပဲတီစိမ်း၊ မတ်ပဲ၊ ဗိုလ်ကိတ် စသည့် ဆောင်းရာသီ စိုက်ပျိုးမြေ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် ကျေးရွာအုပ်စု ၁၀ အုပ်စုမှ တောင်သူများအား ထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**ကျော်ဇေယျဝင်း (ကံမ)**

## အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီး သင်တန်းဆင်း

**ကျိုင်းတုံ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ မြန်မာနိုင်ငံ ဘောလုံး အဖွဲ့ချုပ်နှင့် ကျိုင်းတုံခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနတို့ ပူးပေါင်းဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ ဘောလုံးဒိုင်လူကြီး သင်တန်း (၁/၂၀၂၃) သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၅ ရက်က မြို့နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်းမောင်မောင်နှင့် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ် အပြည်ပြည်ဆိုင်ရာနည်းပြ ဦးခင်မောင်သန်းတို့က သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များ ပေးအပ်သည်။ ထို့နောက် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်တင်တင်ဝင်းက သင်တန်းတွင် ထူးချွန်ဆုရရှိသူများအား ဂုဏ်ပြုဆုချီးမြှင့်သည်။ အဆိုပါ သင်တန်းကို နိုဝင်ဘာ ၂၈ ရက်မှ ဒီဇင်ဘာ ၄ ရက်အထိ ဖွင့်လှစ်ခဲ့ရာ သင်တန်းသား ၁၈ ဦး တက်ရောက်သည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

*စာမျက်နှာ ၂၀ မှ*

လုပ်ငန်းရှင်များကို ဆွဲဆောင်ပြီး တရားမျှတသော ယှဉ်ပြိုင်မှုကိုမြှင့်တင်ရန် ပွင့်လင်းမြင်သာပြီး ပြိုင်ဆိုင်မှုရှိသော ဝယ်ယူရေးလုပ်ငန်းစဉ်များကို သေချာစွာဆောင်ရွက်ရန် လိုအပ်ခြင်း၊

(ဈ) ရေရှည်သဘောတူညီချက်များ(Long Term Contract) အနေဖြင့် ရင်းနှီးမြှုပ်နှံသူများအတွက် အပြောင်းအလဲမရှိ တည်ငြိမ်မှုရှိမည့် ရေရှည်သဘောတူညီချက်များ၊ ကတိကဝတ်များထားရှိရန် ထည့်သွင်းစဉ်းစားသင့်ခြင်း၊

(ည) Flexible Financing အနေဖြင့် စီးပွားရေးတွက်ခြေကိုက်ပြီး ဖွံ့ဖြိုးသည့်ဒေသများ၊ ဖြစ်နိုင်ခြေရှိသည့်နေရာများမှ စတင်ဆောင်ရွက်သင့်ခြင်း၊ ကျေးလက်လမ်းများကို BOT စနစ်ဖြင့် ဆောင်ရွက်သင့်ခြင်း၊

(ဋ) စွမ်းဆောင်ရည်စောင့်ကြည့်စစ်ဆေးခြင်း(Performance Monitoring)အနေဖြင့် စီမံကိန်း၏ စွမ်းဆောင်ရည်ကို စောင့်ကြည့်ပြီး ပြဿနာများကို ဆောလျင်စွာဖြေရှင်းရန် ခိုင်မာသော M&E စနစ်တစ်ခုထူထောင်ရန် လိုအပ်ခြင်း။

**ဥပဒေ၊ နည်းဥပဒေ လိုအပ်ချက်**

ကျေးလက်လမ်းတံတားများကို တည်ဆောက်ခြင်း၊ ပြုပြင်ခြင်း၊ စီမံခန့်ခွဲခြင်းများ ဆောင်ရွက်ရာတွင် ပြည်သူများ၏ ရပိုင်ခွင့်နှင့် တာဝန်များက အရေးကြီးသလို နိုင်ငံတော်၊ ပုဂ္ဂလိက၊ ပြည်သူပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်၍ ဥပဒေနှင့်အညီ ဆောင်ရွက်နိုင်ရန်၊ ကြီးကြပ်နိုင်ရန် လိုအပ်ပါသည်။ မြေယာကိစ္စများ၊ လျော်ဒါန်းခြင်း အပါအဝင် လျော်ကြေးကိစ္စများ၊ ပုဂ္ဂလိက ရင်းနှီးမြှုပ်နှံမှုကိစ္စများ၊ BOT စနစ်များ ဆောင်ရွက်နိုင်ရန် ဥပဒေ၊ နည်းဥပဒေများ ချမှတ်ထားရှိရန် လိုအပ်ပါသည်။ ဝန်ကြီးဌာန၊ ဦးစီးဌာနအနေဖြင့် ဥပဒေမူကြမ်းအဆင့်အထိ ဆောင်ရွက်ပြီးဖြစ်သည်။ ဥပဒေအတည်ပြုပြီးလျှင်မူ သမားရိုးကျနည်းလမ်းမှ ဖောက်ထွက်ပြီး မြန်မြန်ဖွံ့ဖြိုးမည့်နည်းလမ်းများဖြင့် ဆောင်ရွက်သွားနိုင်ရန်၊ နိုင်ငံ့ရန်ပုံငွေ သက်သာစွာဖြင့် အလုပ်ဖြစ်မည့် ချဉ်းကပ်မှုဗျူဟာများကို ချမှတ်၍ ၂၀၃၀ ပြည့်နှစ် မျှော်မှန်းချက်ကို ပြည့်မီအောင် အကောင်အထည်ဖော်သွားနိုင်ဖို့ ဆိုသည့် အိပ်မက်တစ်ခု မက်ဖြစ်ခဲ့ပါသည်။

လမ်းများကောင်းသော်လည်း ငြိမ်းချမ်းမှုသာ စီးပွားရေးတိုးတက်မှုမှာ အသုံးချနိုင်မည်ဖြစ်သကဲ့သို့ ငြိမ်းချမ်းမှုသာ ကျေးလက်လမ်းများ ဖောက်လုပ်ပေးနိုင်မည်ဖြစ်သောကြောင့် မြန်မာပြည်ကြီးငြိမ်းချမ်းဖို့ ငြိမ်းချမ်းရေးလမ်းတွေ ဖောက်ကြပါစို့။ ။

# ချင်းပြည်နယ်အတွင်း ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့် ဒေသန္တရစီမံကိန်းလုပ်ငန်းများ ပိုမိုဆောင်ရွက်သွားမည်

**ဟားခါး ဒီဇင်ဘာ ၇**

ချင်းပြည်နယ် စီမံကိန်းကော်မရှင်နှင့်ပြည်နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ ပထမခြောက်လပတ် အကောင်အထည်ဖော်နိုင်မှု အစည်းအဝေးကို ဒီဇင်ဘာ ၅ ရက်က ချင်းပြည်နယ် အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်နယ်စီမံကိန်းကော်မရှင်ဥက္ကဋ္ဌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က ချင်းပြည်နယ်အနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ချင်းပြည်နယ်ဒေသန္တရစီမံကိန်းမှ ပြည်သူကို တိုက်ရိုက်အကျိုးပြုသည့် ကျေးလက်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးလုပ်ငန်း၊ ကျေးလက်လမ်း၊ နယ်စပ်လမ်း၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်း၊ မြို့ပြလမ်း စသည့်လုပ်ငန်းများအတွက် ၆၆ ဒသမ ၅၂ ရာခိုင်နှုန်း၊ သောက်သုံးရေနှင့် စိုက်ပျိုးရေအတွက် ၁၂ ဒသမ ၈၆ ရာခိုင်နှုန်း၊ မြို့ပြနှင့် ကျေးလက်မီး ရရှိရေးအတွက် ၆ ဒသမ ၉၅ ရာခိုင်နှုန်း အသုံးပြုလျက်ရှိကြောင်း၊ လာမည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင်လည်း ပြည်သူကို တိုက်ရိုက်အကျိုးပြုမည့်လုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဆက်လက်ဆောင်ရွက်ရန် ကျန်ရှိသည့် လုပ်ငန်းများကို အချိန်မီပြီးစီးရေးအတွက် တင်ဒါအောင်မြင်သည့်ကုမ္ပဏီများကို အနီးကပ်ကြီးကြပ်တွန်းအားပေး ဆောင်ရွက်ရမည်ဖြစ်ကြောင်းနှင့် အကြောင်းကြောင်းကြောင့် ဆောင်ရွက်ရန် မဖြစ်နိုင်သည့် လုပ်ငန်းများရှိပါက ညွှန်ကြားချက်များနှင့်အညီ အချိန်မီ ပြန်လည်အပ်နှံနိုင်ရေး ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့နောက် ချင်းပြည်နယ် စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီဥက္ကဋ္ဌ ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးဟန်ကျင့်ဇမ်းက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အထိ လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေကို စိစစ်ရာတွင် လုပ်ငန်းအားလုံး၏ ၄၀ ရာခိုင်နှုန်းခန့်သာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရကြောင်း၊ ထိုသို့ဖြစ်ရခြင်းမှာ လမ်းပန်းဆက်သွယ်ရေး မကြာခဏ ပိတ်ဆို့ခံရခြင်းနှင့် လုံခြုံရေးကန့်သတ်ချက်များကြောင့် မျှော်မှန်းထားသည်ထက် အကောင်အထည်ဖော်နိုင်မှု နည်းပါးရခြင်းဖြစ်ကြောင်း၊ ကျန်ရှိသည့် သုံးလကျော်ကာလအတွင်း သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာများက မြို့နယ်များကို ဆက်လက်ကြီးကြပ်ဆောင်ရွက်ရန်လိုကြောင်းနှင့် ပိုလျှံရန်ပုံငွေ (GRF) ဖြင့် မမျှော်မှန်းနိုင်သည့် သဘာဝဘေးများကြောင့် ပျက်စီးဆုံးရှုံးသည့် လုပ်ငန်းကို ဦးစားပေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း ရှင်းလင်းတင်ပြသည်။



ယင်းနောက် ကော်မတီအတွင်းရေးမှူး ပြည်နယ်စီမံကိန်းဦးစီးဌာနမှူး ဦးသန်းအောင်နှင့် ပြည်နယ်ရသုံးမှန်းခြေငွေစာရင်း ဦးစီးဌာနမှူး ဦးကျော်ဇင်ဦးတို့က ချင်းပြည်နယ်စီမံကိန်းရေးဆွဲ အကောင်အထည်ဖော်ရေးကော်မတီ၏ မျှော်မှန်းချက်၊ မူဝါဒနှင့် ရည်မှန်းချက်များကိုလည်းကောင်း၊ ဌာနဆိုင်ရာများနှင့် အစိုးရစက်မှုလက်မှုသိပ္ပံကျောင်းတို့မှ တာဝန်ရှိသူများက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အထိလုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သိန်းထွန်းအောင်နှင့် ပြည်နယ်ဝန်ကြီးများက အကြံပြုဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မော်လမြိုင်ပညာရေးဒီဂရီကောလိပ် မူလတန်းဆရာအတတ်ပညာသင်တန်း မောင်မယ်သစ်လွင်ကြိုဆို

**မော်လမြိုင် ဒီဇင်ဘာ ၇**

ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန မော်လမြိုင်ပညာရေးဒီဂရီကောလိပ်၏ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် (ပထမနှစ်)မောင်မယ်သစ်လွင်များနှင့် လုပ်ငန်းခွင်အကြို မူလတန်းဆရာ အတတ်ပညာသင်တန်း PPTT (၁၀/၂၃) သင်တန်းသား သင်တန်းသူများအား မောင်မယ်သစ်လွင်ကြိုဆိုပွဲကို ဒီဇင်ဘာ ၅ ရက်က မော်လမြိုင်ပညာရေးဒီဂရီကောလိပ် ပညာညီလာခန်းမ၌ ကျင်းပသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက နိုင်ငံတော်အစိုးရသည် ပညာရေးကဏ္ဍ ဖွံ့ဖြိုးရေးအတွက် တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးကို ဦးတည်ချက်ထားပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ အခြေခံပညာဆရာ ဆရာမများသည် နိုင်ငံတော်တည်ဆောက်ရေးတွင် အရေးပါသော ပညာရေးကဏ္ဍ၏ အားထားရသော လူသားအရင်းအမြစ်များဖြစ်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များဖြစ်သည့် ကျောင်းသားလူငယ်များကို ဗလငါးတန်ပြည့်ဝသော နိုင်ငံ့သားကောင်းများဖြစ်အောင် ပြုစုပျိုးထောင် သင်ကြားပေးရမည့်သူများလည်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်ပညာရေးဒီဂရီကောလိပ်ကျောင်းအုပ်ကြီးက ကြိုဆိုနှုတ်ဆက်စကား ပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများက ပညာရေးဒီဂရီကောလိပ်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ၊ ပထမနှစ်နှင့် ဒုတိယနှစ်သင်တန်းတွင် ဆုရရှိသူများအား ဂုဏ်ပြုဆုများပေးအပ်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (မော်လမြိုင်ခရိုင်ရုံး)၌ ကျင်းပသည့် ဒုတိယအကြိမ် မွန်ပြည်နယ် ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးရေး လုပ်ငန်းကော်မတီမှဖွင့်လှစ်သည့် အခြေခံကွန်ပျူတာသင်တန်းဖွင့်ပွဲသို့ တက်ရောက်၍ အမှာစကား ပြောကြားသည်။ အဆိုပါသင်တန်းကို သင်တန်းသား သင်တန်းသူ ၂၀ ဖြင့် ဒီဇင်ဘာ ၄ ရက်မှ ၂၉ ရက်အထိ သင်ကြားပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(မော်လမြိုင်)**

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးသင်တန်းဖွင့်လှစ်

**မောက်မယ် ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(တောင်ပိုင်း) မောက်မယ်မြို့နယ်၌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနမှ ကြီးမှူး၍ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာ လှုပ်ရှားမှုအသိပညာပေးသင်တန်းကို ဒီဇင်ဘာ ၅ ရက်က အခြေခံပညာအထက်တန်းကျောင်း(မောက်မယ်) နှင်းဆီဆောင်ခန်းမ၌ ကျင်းပသည်။

ဦးစွာ မြို့နယ်အမျိုးသမီးကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမင်းသက်နိုင်က အမှာစကား ပြောကြားပြီး မြို့နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံးမှ ဦးစီးအရာရှိဒေါ်ချိုချိုလွင်က အမျိုးသမီးများစွမ်းဆောင်ရည်မြင့်မားလာစေရေး၊ အခွင့်အရေးရပိုင်ခွင့်များကို အပြည့်အဝခံစားရရှိနိုင်စေရေး၊ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေး လုပ်ငန်းစနစ်များအကြောင်းကို ဆွေးနွေးပြီး သင်တန်းသားများအား ကျား မ အခြေပြု အကြမ်းဖက်မှုလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

# ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေး

**တာလေ ဒီဇင်ဘာ ၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာလေမြို့ မြို့ပေါ်ရပ်ကွက်များရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၁)နှစ် ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံ တိုက်ကျွေးခြင်းကို တာလေတိုက်နယ်ဆေးရုံ၌ ဒီဇင်ဘာ ၆ ရက်က စတင်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ကျန်းမာရေးဆရာမ ဒေါ်နန်းဝိုးတစ် ဦးဆောင်သော ကျန်းမာရေးဝန်ထမ်းများက ကိုယ်ဝန်ဆောင်မိခင်များအား မေးခိုင်ကာကွယ်ဆေး၊ အသက်(၁)နှစ်ခွဲအောက် ကလေးငယ်များအား ဘီစီဂျီ၊ ပြင်းထန်ဝမ်းပျက်ဝမ်းလျှော(ရိုတာ)၊ ပိုလီယို၊ ပြင်းထန်အဆုတ်ရောင်၊ မေးခိုင်၊ ဆုံဆို့၊ ကြက်ညှာ၊ အသည်းရောင်အသားဝါဘီ၊ ဦးနှောက်အမြှေးရောင် (ငါးမျိုးစပ်ကာကွယ်ဆေး)၊ ဂျပန်ဦးနှောက်ရောင်၊ ပိုလီယိုအကြောသေရောဂါကာကွယ်ဆေး ထိုးဆေးနှင့်သောက်ဆေး၊ ဝက်သက်နှင့် ဂျိုက်သိုးရောဂါကာကွယ်ဆေးတို့ ပါဝင်ကြောင်း သိရသည်။

**ယဉ်ယဉ်ဝင်း(ပြန်/ဆက်)**

# ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနမှ ရွှေသွေးဂျာနယ်ကို အပတ်စဉ် စနေနေ့တိုင်းတွင် ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

၉-၁၂-၂၀၂၃ ရက်(စနေနေ့)တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၅)၊ အမှတ် (၄၉)တွင် ယခင်က နွားကျောင်းပျင်းသော ပုပုသည် ယခုတွင်မူ နွားကျောင်းရမည်ကို မပျင်းတော့သည့်အကြောင်း တင်ဆက်ထားသည့် "ပုပုပါဝင်သည့် တစ်ရက်ကုန်သွားပြီ" မျက်နှာဖုံးကာတွန်း၊ ပေသီးသချ်ာအကြောင်း ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် "ပေသီးသချ်ာ" သုတဆောင်းပါး၊ ကလေးတို့ကိုယ်တိုင်ရေးဆွဲထားသည့် ပန်းချီလက်ရာများကို တင်ဆက်ထားသည့် "ရွှေသွေးတို့လက်ရာ" ကဏ္ဍ၊ အခွံမာသီးကို အလွယ်တကူခွဲ၍ရသည့် အကြံကောင်းကို ရရှိသွားသော ရှဉ့်နှစ်ကောင်အကြောင်း ရေးဖွဲ့ထားသည့် "ကောင်းလိုက်တဲ့အကြံ" နှစ်မျက်နှာကာတွန်း၊ မိဘတို့၏ သားသမီးများအပေါ် ထားရှိသည့် မေတ္တာ ကရုဏာကြီးမားပုံအကြောင်း တင်ဆက်ထားသည့် "ကြက်ဝါမကြီးသနားစရာ" ဝတ္ထုကဏ္ဍ၊ စာသင်ကျောင်းရှိ သားသားမီးမီးတို့၏ ညီညီညာညာ စာအံသံများအကြောင်း ရေးဖွဲ့ထားသည့် ဆရာမောင်နေမွန်၏ "အနာဂတ်ကြယ်ပွင့်လေးများ" ကဗျာကဏ္ဍ၊ ကြော်ငြာကဏ္ဍနှင့် အင်္ဂလိပ်သဒ္ဒါ ကဏ္ဍစုံလင်စွာဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ နှုန်းဖြင့် စာပေဗိမာန်စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်ပြီဖြစ်သည်။ **သတင်းစဉ်**









# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၅ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ (၁၆)မိုင် ကျောက်ချောစစ်ဆေးရေးစခန်း၌ မော်တော်ယာဉ်တစ်စီးပေါ်မှ ပုစွန်တစ်ကောင် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၁၅၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ ငါးလီတာပါဘူး ၁၆၀၊ ပုစွန်နှစ်ကောင်စားအုန်းဆီ နှစ်လီတာပါဘူး ၁၂၀၊ ပုစွန်နှစ်ကောင် စားအုန်းဆီ တစ်လီတာပါဘူး ၇၂၀၊ မြတံဆိပ် စားအုန်းဆီ ၁၈ လီတာပါ ပုံး ၅၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၇၆၀၀၀၀) နှင့် အဆိုပါစားအုန်းဆီများ တင်ဆောင်လာသည့် Mitsubishi Canter တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၀၀၀၀၀၀)၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၇၆၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ရာတွင် ဒီဇင်ဘာ ၅ ရက်တွင် မြန်မာ့စက်မှုဆိပ်ကမ်း၌ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်းမရှိသည့် Lebay Baby Wipe တစ်ရှူး အထုပ် ၁၅၃၀ အပါအဝင် ကုန်ပစ္စည်းလေးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၄၀၀၀၀) ကို လည်းကောင်း၊ အေးရှားဝေါလ်ကုန်သေတ္တာစစ်ဆေးရေးစခန်း၌ ကုန်သေတ္တာတစ်လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် ယာဉ်အပိုပစ္စည်း T-Bar Clamp ကီလိုဂရမ် ၅၅၀၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၉၃၀၀၀၀)ကို လည်းကောင်း၊ ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၊ လေဆိပ်(သွင်းကုန်)၌ သွင်းကုန်လိုင်စင် တင်ပြနိုင်ခြင်းမရှိသည့်ကျောက်ဟု ယူဆရသော ကျောက်ရောင်စုံ အတုံးအသေးများ ၈၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၀၀၀၀) ကို လည်းကောင်း၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသော မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားခြင်း မရှိသည့် BARMASO Phone Cover and Phone Case ကီလိုဂရမ် ၅၀၀ အပါအဝင် ကုန်ပစ္စည်း ငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၅၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၅၀၀၀၀၀၀) ကို လည်းကောင်း၊ စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၄၀၂၀၀၀၀)ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



ယင်းအပြင် ဒီဇင်ဘာ ၆ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေး အထူးအဖွဲ့၏စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တိုက်ကြီးမြို့နယ် ဥက္ကံမြောက်(၂)နယ်မြေ၌ တရားမဝင်အခြားသစ် ၁၅ ဒသမ ၁၆၉ တန် စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၅၄၂၇၀)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၆ ရက်တွင် ရှမ်းပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုင်းဆတ်မြို့၊ ဝိန်းကောင်းရပ်ကွက်၊ မိုင်းဆတ်-မိုင်းခုတ်လမ်းဘေးတစ်နေရာ၌ စုပုံထားသော အကောက်ခွန်မဲ့ပစ္စည်းများဖြစ်သည့် ထိုင်းနိုင်ငံထုတ် ပလတ်စတစ်ထိုင်ခုံအလုံး ၂၀၀ (ခန့်မှန်း တန်ဖိုးငွေကျပ် ၃၀၀၀၀၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ဒီဇင်ဘာ ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်ငူခရိုင်နှင့် ပြည်ခရိုင်အတွင်း၌ တရားမဝင်ကျွန်းသစ် တန် ၃ ဒသမ ၅၂၀ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၆၁၆၀၀) ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဒီဇင်ဘာ ၅ ရက်၊ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၅ မှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၅၄၉၅၈၇၀ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

သတင်းစဉ်

# မိုးညှင်း၊ ပုသိမ်ကြီးနှင့် ရပ်စောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၇**

မိုးညှင်း၊ ပုသိမ်ကြီးနှင့် ရပ်စောက်မြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဒီဇင်ဘာ ၆ ရက် နံနက် ၈ နာရီ ၄၅ မိနစ်တွင် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအုပ်စု နန့်စီးအောင်ကျေးရွာအနီးတွင် Express ခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ မယွန်းဝါ(ခ) မဝါ ထံမှ ဘိန်းဖြူ ၃ ဒသမ ၃ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ နံနက် ၈ နာရီတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ပုသိမ်ကြီးမြို့နယ် ကြာနီကန်ကျေးရွာအုပ်စု ကြာနီကန်ကျေးရွာအနီးတွင် Nissan Ad Van အမျိုးအစားခရီးသည်တင် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ယာဉ်ပေါ်ပါခရီးသည် မစက်ညွန့်(ခ)မိချော နှင့် မစုစုမာ တို့ထံမှ ဘိန်းဖြူ ၄ ဒသမ ၄ ကီလိုကို လည်းကောင်း၊ ထို့အတူ ဒီဇင်ဘာ ၅ ရက် မွန်းလွဲ ၁ နာရီခွဲတွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သောပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့နယ် မန်ကျည်းကုန်းကျေးရွာအုပ်စု ကြာအင်းကျေးရွာအနီးတွင် မောင်မောင်တင် မောင်းနှင်လာသည့်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၆၂၀၀ ကိုလည်းကောင်း၊ ဒီဇင်ဘာ ၆ ရက် နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် ရပ်စောက်မြို့ မြို့ဦးရပ်ကွက် ရွှေညောင်-ရပ်စောက်သွား ကားလမ်းတွင် သော်တာမောင်းနှင်ပြီး မန္တဲ့ကြည် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။



**သတင်းစဉ်**

# မတ္တရာမြို့နယ် တောင်ပြုံးကြီးကျေးရွာ၌ မီးလောင်မှုဖြစ်ပွား၊ နေအိမ် ၁၁ လုံး ဆုံးရှုံး

**မတ္တရာ ဒီဇင်ဘာ ၇**

မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့နယ် တောင်ပြုံးကြီးကျေးရွာတွင် ဒီဇင်ဘာ ၇ ရက် နံနက် ၁၁ နာရီခွဲက မီးလောင်မှုဖြစ်ပွားခဲ့သည်။

အဆိုပါမီးလောင်မှုဖြစ်ပွားရာသို့ မတ္တရာမြို့နယ် မီးသတ်တပ်ဖွဲ့မှ မြို့နယ်ဦးစီးမှူးနှင့် သန္နေမီးသတ်တပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ မန္တလေးမှ မီးငြိမ်းသတ်ယာဉ်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရွာသူ ရွာသားများ ပူးပေါင်းငြိမ်းသတ်ခဲ့ရာ ၁၂ နာရီ ၃၆ မိနစ်တွင် မီးထိန်းနိုင်ခဲ့ပြီး မွန်းလွဲ ၁၂ နာရီ မိနစ် ၄၀ တွင် မီးငြိမ်းသွားခဲ့သည်။

မီးလောင်မှုဖြစ်စဉ်မှာ ဦးကျော်ရဲအောင် ၃၁ နှစ်(ဘ)ဦးဟန်ညွန့်၏ ထရံကာသွပ်မိုး နှစ်ထပ် နေအိမ်တွင် သားဖြစ်သူ ငါးနှစ်ကလေး မီးခြစ်ကစားရာမှ နေအိမ်အပေါ်ထပ် အိပ်ခန်းအတွင်း မွေ့ရာပေါ်မှစ၍ မီးလောင်မှုဖြစ်ပွားခဲ့ပြီး အခြားနေအိမ်များသို့ ကူးစက်လောင်ခဲ့ရာ နေအိမ် ၁၁ လုံး မီးလောင်ဆုံးရှုံးခဲ့ကြောင်း သိရသည်။

အဆိုပါ မီးလောင်မှုဖြစ်စဉ်အား အရေးယူဆောင်ရွက်နိုင်ရေး စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၃၄)၊ လူနေရပ်ကွက်အမှတ်(၁၀)၊ ပြည်တော်သာပတ်လမ်း၊ မြေကွက်အမှတ်( ၇၃၃)ဟုခေါ်တွင်သော အလျား(၄၀)ပေ x အနံ (၆၀)ပေ ၊ ဧရိယာ(၂၄၀၀)စတုရန်းပေ ၊ (၀ဒသမ၀၅၅)ဧက အကျယ်အဝန်းရှိသော မြေကွက်နှင့် မြေပို(အလျား ၈ ပေ x အနံ ၆၀ ပေ)အပါအဝင် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ နှစ်(၆၀)ဂရန် အမည်ပေါက် ဒေါ်အေးအေးချို ၁၂/အလန(နိုင်)၀၃၅၇၉၈မှ တရားဝင်ပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်စျာန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၈၂)**
**အမှတ်(၁၆၉/က)၊ မကွေး(၅)လမ်း၊ (၆/၁၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း–၀၉– ၄၄၄၄၂၁၅၄၄**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၆)၊ လူနေရပ်ကွက်အမှတ်(၃)၊ သဇင်ပန်းခြံ(၃)ပတ်လမ်း၊ မြေကွက် အမှတ်(၂၇၇)ဟုခေါ်တွင်သော အလျား(၆၀)ပေ x အနံ (၆၀)ပေ၊ ဧရိယာ(၃၆၀၀) စတုရန်းပေ၊ (၀ဒသမ၀၈၃)ဧက အကျယ်အဝန်းရှိသောမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ယင်းမြေကွက်၏ မြေချပါမစ်အမည်ပေါက် ဗိုလ်မှူး ထွန်းရီ (RGN–၀၁၁၈၂၉)ထံမှ တစ်ဆင့် ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီး လက်ရှိထားကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိ ကြောင်း အပိုင်ရောင်းချသူ ဦးသက်နိုင်ဦး ၁၂/ရပသ(နိုင်)၀၅၂၄၇၂မှ ဝန်ခံကတိ ပြု၍ ကျွန်ုပ်၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီး ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးအောင်စျာန်(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၅၀၄၈၂)**
**အမှတ်(၁၆၉/က)၊မကွေး(၅)လမ်း၊ (၆/၂)ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်၊ ဖုန်း–၀၉–၄၄၄၄၂၁၅၄၄**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရန်ကြီးအောင်ရပ်ကွက်၊ ကွင်းအမှတ် (၁၃/၆)၊ ဦးပိုင်အမှတ် (၂၈)၊ မြေဧရိယာ (၀.၁၄၅)ဧကရှိမြေကွက်သည် မူလက ဒေါ်နောင်ရိုင်လုပါ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၁၉၀(၃) ၂၀၀၅–၂၀၀၆ အရ (၃၀–၆–၂၀၂၃)ရက်ထိ (မူလဂရန်သက်တမ်းအတိုင်း) နှစ် ၃၀ မြေငှားဂရန်ရရှိခဲ့ပါသည်။ မြေငှားဂရန်အမည်ပေါက်သူ ဒေါ်နောင်ရိုင်လု ပါ (၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူ ဒေါ်ဖြူသွယ်အောင်(ခ)လုလုအောန်)က ၄–၁၀–၂၀၂၃ရက်စွဲပါ မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်အမှတ် (၄၅၀/၂၀၂၃)အရ ဦးအောင်မြင့်ထွန်း ၁၃/လရန(နိုင်)၀၀၄၅၉၉ထံသို့ အပြီးအပိုင် ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဦးအောင်မြင့်ထွန်း အမည်ဖြင့် မြေငှားဂရန်(အမည်ပြောင်း)လျှောက်ထားလာမှုအပေါ် ကျိုးကြောင်းဖော်ပြ ချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/52515, Kamax 110 ယာဉ်လက်ဝယ်ရှိသူ Kamax Group Co.,Ltd.က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ပြည်မြို့၊ နဝဒေးရပ်ကွက်၊ ကွင်းအမှတ်–၄၀၄^A၊ တိုးချဲ့စက်မှုဇုန်၊ ဦးပိုင်အမှတ် (၂၆၉၊ ၂၇၀၊ ၂၇၁၊ ၂၇၂) မြေကွက်တို့အား မူလပိုင်ရှင် ရိုးမရာဇာကုမ္ပဏီထံမှ ဦးတင်လှ ၇/ပတန(နိုင်)၀၇၉၂၄၁က (၂–၁၀–၂၀၂၃)ရက်တွင် စရန်ငွေပေးချေခဲ့ပြီး ၎င်းမြေကွက်များကို ဝယ်ယူတော့မည်ဖြစ်ပါ၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၅) ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းများပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးတင်လှ ၇/ပတန(နိုင်)၀၇၉၂၄၁**
**ဖုန်း–၀၉–၅၃၆၈၃၇၃**

## Aung Veterinary Clinic And Pet Care Center နှင့် အများသိစေရန် တောင်းပန်ကြေညာခြင်း

ကျွန်မ ဒေါ်မြတ်မြတ် ၁၂/ရကန(နိုင်) ၀၀၀၉၀၇၊ မမေယမင်းဟန် ၁၂/ မဂဒ(နိုင်)၁၇၂၄၉၅၊ မမေသန္တာခိုင် ၁၂/မဂဒ(နိုင်) ၁၇၂၄၉၄တို့က (၁–၁၂–၂၀၂၃) ရက်တွင် သွေးဆိပ်တက်၍ အိမ်မွေးကြောင် အပုလေး ကွယ်လွန်ခဲ့ရခြင်းအပေါ် ဝမ်းနည်းယူကြုံးမရဖြစ်ခဲ့ရသဖြင့် Aung Veterinary Clinic And Pet Care Center မှ ဆရာဝန်များ၏ စေတနာကို နားလည်မှုလွဲမှားပြီး ဆိုရှယ်မီဒီယာပေါ်တွင် ဆေးခန်းဂုဏ်သတင်းနှင့် ဆရာဝန်များ၏ ဂုဏ်သိက္ခာကျဆင်းခဲ့ရစေသည့် လုပ်ရပ်များ ပုတ်ခပ်ပြောဆိုခဲ့ခြင်းများ အားလုံးကို ဝန်ချတောင်းပန်ပါကြောင်း Aung Veterinary Clinic And Pet Care Centerမှ ဆရာဝန်များနှင့် အများသိစေရန် တောင်းပန်ကြေညာအပ်ပါသည်။

**ဒေါ်မြတ်မြတ် ၊ မမေယမင်းဟန်၊ မမေသန္တာခိုင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 84W/52514, KAMAX–110 ယာဉ်လက်ဝယ်ရှိသူ Kamax Group Co.,Ltd.က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မိတ္ထီလာမြို့)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၅၆)၊ မြေကွက်အမှတ် (၁၀၁၃/ခ)၊ နဝရတ်ကိုးသွယ်လမ်း၊ အကျယ်အဝန်းပေ (၂၀x၆၀)၊ စတုရန်းပေ (၁၂၀၀)၊ နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေ ကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးသည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့မြေစာရင်းတွင် ဦးသိန်းတင် (၁၂/ဥကတ(နိုင်)၀၇၀၇၁၂) အမည်ပေါက် တည်ရှိပြီး အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးကျော်ဝင်းလှိုင် (၁၂/ဒဂတ(နိုင်)၀၂၇၆၆၅)မှ ပိုင်ဆိုင်မှု အရှုပ်အရှင်းကင်းရှင်း၍ ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေအဖြစ် (ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို) ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်း အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

